http://www.dhammadownload.com



# ကုသိုလ်လည်းရ ဝမ်းလည်းဝ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

[ဒုတိယအကြိမ်]

ကုသိုလ်လည်းရ ဝမ်းလည်းဝ □ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ယော)ဆရာတော်

# ကုသိုလ်လည်းရ ဝမ်းလည်းဝ


တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

[ဒုတိယအကြိမ်]

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
# ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ

ဓာတ်ပုံဓမ္မဒါန
ဦးအောင်ထွန်းနိုင် (ပြည်မြန်မာ)

http://www.dhammadownload.com

http://www.dhammadownload.com

# ကုသိုလ်လည်းရ ဝမ်းလည်းဝ

(ဒုတိယအကြိမ်)

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၃၀၇ / ၂၀၀၂ (၆)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၆၈၇ / ၂၀၀၂ (၁၁)

◆ ထုတ်ဝေခြင်း

ဒုတိယအကြိမ်၊ အုပ်ရေ–၁၀၀၀

တန်ဖိုး ၆၀၀-ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၃ ခုနှစ်၊ မတ်လ

◆ အတွင်းသားပုံနှိပ်

ဦးကျော်ဇင် (၀၄၂၂၉) နိုင်ရည်မွန်ပုံနှိပ်တိုက်

အမှတ် – ၈၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း (၁) လမ်း၊

ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သီရိစိစဉ်သည်

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

- သင်္ခါတရားခေါင်းပါးတဲ့ပုဂ္ဂိုလ်
- အသိတရားခေါင်းပါးတဲ့
  ပုဂ္ဂိုလ်လက်ထဲ
- ရောက်သွားတဲ့ပစ္စည်းက
- တောခေါင်ခေါင် လူသူအရောက်
  အပေါက်မရှိတဲ့
- နေရာမှာ အသီးသီးနေတဲ့
- သစ်ပင်ကြီးနဲ့တူတယ်၊
- ဘယ်သူမှမစားရ၊ မသုံးရ၊
- ဘယ်သူ့အတွက်မှအကျိုးမရှိပဲ
- အချိန်တန်တော့ပျက်သွားမှာပဲ
  ရှိတယ်။

တိပိဋကရေ(ယော)ဆရာတော်

http://www.dhammadownload.com

# မာတိကာ

## ကုသိုလ်လည်းရ ဝမ်းလည်းဝ


| | |
|---|---|
| လူ(၃)မျိုး | ... ၃ |
| စုံလုံးကန်းသူ | ... ၅ |
| တစ်ဖက်မြင်သူ | ... ၇ |
| နှစ်ဖက်မြင်သူ | ... ၉ |
| ကံကိုထူထောင်ပေးခြင်း, | |
| မြှင့်တင်ပေးခြင်း | ... ၁၁ |
| ပစ္စည်းပေါတိုင်းဝမ်းမဝ | ... ၁၃ |
| ဉာဏ်မျက်စိနဲ့တွေ့ရတာမဟုတ် | ... ၁၅ |
| လူ့လောက၏ဖို့(၃)ဖို့ | ... ၁၇ |
| ကုသိုလ်တရားသည် စီးပွားရေး | ... ၂၁ |
| ကုသိုလ်မရ ဝမ်းမဝ | ... ၂၃ |
| ကိုယ့်ဟာကိုယ်ပိုင်တာကျနေတာပဲ | ... ၂၅ |
| အချိန်ကန့်သတ်ချက်ပါတယ် | ... ၂၇ |
| အငှား(၄)မျိုး | ... ၂၉ |
| လှူမည့်ခြင်းအကြောင်း(၃)မျိုး | ... ၃၁ |
| ကိလေသာနဲ့နေရတဲ့ပုထုဇဉ် | ... ၃၃ |

http://www.dhammadownload.com


ပုထုဇဉ်ဆိုသည်မှာ ... ၃၇
တရားမပါရင် ... ၃၉
ကုသိုလ်ဆိုသည်မှာ ... ၄၁
သတိဆိုသည်မှာ ... ၄၃
အသိ, သတိ, မေတ္တာလိုတယ် ... ၄၇
ပုံသေမှတ်ထားလို့မရ ... ၄၉
ပစ္စည်းကိုစွဲနေရင် ... ၅၁
ပစ္စည်းစုထိုက်သူဖို့ ... ၅၃
သံသရာအစ,ရှာမရ ... ၅၅
စရိတ်အလွန်တောင်းတဲ့ခန္ဓာ ... ၅၇
ဘဝခန္ဓာထမ်းဆောင်ရာမှာ ... ၅၉
ကိုနောက်တိုးရဲ့ဗီရိုလို ... ၆၁
သတ်သတ်မှတ်မှတ်ထားတာမှမဟုတ်ပဲ ... ၆၃
ဒရွတ်တိုက်ကြီးဆွဲရင် ... ၆၅
ပစ္စုပ္ပန်မှာချမ်းသာဖို့ ... ၆၇
ကုသိုလ်ရအောင်ယူတတ်ဖို့ ... ၆၉
အချိန်တိုင်းအဖိုးတန်တယ် ... ၇၁
တစ်ရက်ကိုတစ်သက်လောက် ... ၇၃
ခန္ဓာဝန်ထမ်းရကျိုးနပ်အောင် ... ၇၅

http://www.dhammadownload.com

| | |
|---|---|
| ခန္ဓာထားစရာ၊ ခန္ဓာကျွေးစရာ | ... ၇၇ |
| စိတ်ကိုအစာဝအောင်ကျွေးမှ | ... ၇၉ |
| ကုသိုလ်တွေဖြစ်လို့ | ... ၈၁ |
| မေတ္တာရှေ့သွားနေတယ် | ... ၈၃ |
| သာသနာတွင်းလူဖြစ်ရတာ | ... ၈၇ |
| စွမ်းအားတွေပေါ်အောင် | ... ၈၉ |
| ခွဲတမ်း(၅)မျိုး | ... ၉၅ |
| ခန္ဓာကိုယ်ကြီးသုံးရမယ်ဆိုတာ | ... ၉၇ |
| လူ့ဘဝဂုဏ်ရည်(၆)ချက် | ... ၉၉ |
| ပစ္စည်းဥစ္စာဘာလုပ်ဖို့ရှာတာလဲ | ...၁၀၅ |
| ကြွေးသစ်ချရဦးမယ် | ...၁၀၇ |
| ရေလောင်းရဦးမယ်၊ | |
| မျိုးစေ့စိုက်ရဦးမယ် | ...၁၀၉ |
| လက်ထဲကလွှတ်လိုက်သမျှ | |
| ဒါနချည်းပဲ | ...၁၁၃ |
| ခန္ဓာဟာ အသိတရားနဲ့ထမ်းမှ | ...၁၁၅ |
| သားကလေးငပြူး | ...၁၁၇ |
| အလွန်ဆိုးသောငပြူး | ...၁၁၉ |
| စိတ်နေစိတ်ထားညံ့လို့ | ...၁၂၃ |

http://www.dhammadownload.com

ငရုတ်သီးကြိုက်တဲ့လူလို ... ၁၂၇

လူဆိုတာအဖိုးတန်အောင်

နေသင့်တယ် ... ၁၃၁

အသိလေးနားထဲရောက်သွားတယ် ... ၁၃၅

အမှိုက်သရိုက်မှရတနာအဖြစ်သို့ ... ၁၄၁

မိုက်ကြွေးဆပ်မယ် ... ၁၄၅

မေတ္တာစေတနာအကျိုးပေးလို့ ... ၁၄၉

ပစ္စည်းသည် လောဘနှင့်

ဆုပ်ကိုင်ထားဖို့မဟုတ် ... ၁၅၁

ကြီးလေ...အရိပ်ကောင်းလေ ... ၁၅၅

ဆွမ်းလှူရခြင်းအကျိုး ... ၁၅၇

ပထမတန်းစားဒါနဖြစ်ရလေအောင် ... ၁၆၁

http://www.dhammadownload.com

# ကုသိုလ်လည်းရ ဝမ်းလည်းဝ

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**
**အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်**

*[ သာသနာတော်နှစ် ၂၅၃၀၊ သက္ကရာဇ် ၁၃၄၈ ခု၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊ ၁၉၈၆ ခု၊ အောက်တိုဘာလ ၁၈ ရက်၊ အင်္ဂါနေ့ညတွင် ရန်ကုန်တိုင်း အင်းစိန်–ဟော့ကန် အောင်ဖေယျရပ်ကွက် တရားမဏ္ဍပ်အတွင်း၌ အောင်ဖေယျ ရပ်ကွက် ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့အား ဝါတွင်းသုံးလ ဆွမ်းအလှူဒါန အောင်ပွဲအဖြစ်ဖြင့် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် အမှတ်ရဘွယ်အဖြစ်ဖြင့် ဟောကြားသောတရားဖြစ်သည်။ ]*

ပညာဓိဝိ ဓိဝိတံမာဟုသေဋ္ဌံ

ပညာဓိဝိဓိဝိတံ–ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍၊ အတွေးမှန်ကန် အသိဉာဏ်ဆိုတဲ့

http://www.dhammadownload.com



ပညာတရားဖြင့် အသက်မွေးခြင်းရှိသော ပုဂ္ဂိုလ်၏ အသက်မွေးခြင်းမျိုးကို၊ သေဌ္ဌ ကုသိုလ်လည်းရ ဝမ်းလည်းဝဟု၊ မုချမြင့်မြတ် ချီးမွမ်းအပ်ပေသည် ဟူ၍၊ အာဟု ပညာရှိသူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြလေကုန်သတည်း။

ကုသိုလ်လည်းရ၊ ဝမ်းလည်းဝအတွက် မြတ်စွာဘုရား ဟောကြားတဲ့ ဒေသနာလေးတစ်ခု ပေါ့။

ဘဝခန္ဓာ ထမ်းဆောင်တဲ့အခါမှာ အသိတရား အင်မတန်လိုတယ်၊ သာသနာချီးမြှောက်တဲ့ နေရာမှာလည်း ပစ္စည်းပေါတိုင်း၊ ချီးမြှောက်နိုင်ကြတာမဟုတ်၊ အသိတရားကောင်းသူ၊ အမြင်ရှင်းသူများသာ သာသနာချီးမြှောက်နိုင်ကြတယ်။

* * *

http://www.dhammadownload.com

# လူ (၃) မျိုး

လူဆိုတာ (၃)မျိုးရှိတယ်။

(၁) ကုသိုလ်မရ၊ ဝမ်းမဝတဲ့ အောက်တန်းစား လူကတစ်မျိုး၊ ပါဠိလိုတော့ 'အန္ဓ'လို့ခေါ်တယ်၊ ပညာမျက်စိနှစ်ဖက် ကန်းသူပေါ့၊ ဘဝကို ကြုံသလို ရေစုန်မျှောပြီး သွားနေတာ။

ရည်ရွယ်ချက်လည်းမရှိ၊ လမ်းကြောင်းလည်းမရှိ၊ လုပ်ငန်းမှာ စည်းရယ်ကမ်းရယ်၊ မူရယ်၊ ဘောင်ရယ်လို့လည်း ဘာမှ သတ်သတ်မှတ်မှတ် မရှိ၊ ကြုံသလို သွားနေတဲ့သူ။

(၂) ကုသိုလ်မရ၊ ဝမ်းသာဝတဲ့ အလတ်တန်းစားလူကတစ်မျိုး၊

ပါဠိလိုတော့ ဧကစက္ခုလို့ ခေါ်တယ်၊ မျက်စိတစ်ဖက်ပဲ ပါတယ်၊ ပစ္စုပ္ပန်ဘဝခန္ဓာ ရုပ်ကည်ရေးအတွက် မျက်စိတစ်လုံးလေးသာ ကြည့်နိုင်တဲ့ (မျက်စိတစ်ဖက်သာပါတဲ့) ပုဂ္ဂိုလ်၊

http://www.dhammadownload.com



ဟောဟိုဘက်ထိ မကြည့်နိုင်ဘူး၊ လောကုတ္တရာထိ ကြည့်နိုင်တဲ့ ပညာမျက်စိမပါဘူး၊ မျက်စိတစ်ဖက်သာ ပါတယ်။

သူ့ကျတော့ ဝမ်းဝအောင်တော့ ကျွေးနိုင်တယ်၊ ကုသိုလ်ကို လေးလေးနက်နက် တန်ဖိုးမထားလို့ ကုသိုလ်တော့မရဘူး၊ မျက်စိမှိတ်လိုက်တာနဲ့ စိတ်မအေးစရာတွေ တန်းစီလာကြမှာပေါ့။

(၃) ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့ အထက်တန်းစားပုဂ္ဂိုလ်က တစ်မျိုး။

ပါဠိလိုတော့ ဒွိစက္ခု၊ မျက်စိနှစ်ဖက်ပါတဲ့လူ၊ ပစ္စုပ္ပန်ကို မြင်အောင်ကြည့်နိုင်တဲ့ မျက်စိလည်းပါတယ်၊ သံသရာကို မြင်အောင်ကြည့်နိုင်တဲ့မျက်စိလည်းပါတယ်။

ကိုယ့်အတွက် မြင်အောင်ကြည့်နိုင်တဲ့ မျက်စိလည်းပါတယ်၊ သူများအတွက် မြင်အောင်ကြည့်နိုင်တဲ့မျက်စိလည်းပါတယ်။

လောကီအတွက် မြင်အောင်ကြည့်နိုင်တဲ့ မျက်စိလည်းပါတယ်၊ လောကုတ္တရာအတွက် မြင်အောင်ကြည့်နိုင်တဲ့ မျက်စိလည်းပါတယ်၊ ဘက်စုံမြင်အောင် ကြည့်နိုင်တဲ့ မျက်စိလည်းပါတယ်။

http://www.dhammadownload.com



သူ့ကျတော့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ဘာပဲလုပ်လုပ်၊ သူကတော့ ကုသိုလ်နဲ့ကင်းတဲ့ အချိန်မရှိဘူး၊ စားဝတ်နေရေး အလုပ်ဟာလည်း ကုသိုလ်ပဲ၊ ဘာပဲလုပ်လုပ် ကုသိုလ်ရအောင် လိမ်မာ ပါးနပ်စွာယူတတ်တဲ့ ပုဂ္ဂိုလ်။

* * *

# စုံလုံးကန်းသူ

* ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊ မရလျှင် မမြင်အကန်းပါ၊

ပစ္စုပ္ပန်ဘဝခန္ဓာ ရပ်တည်ရေးအတွက် ပစ္စည်းဉစ္စာလဲ တရားတဲ့နည်းလမ်းနဲ့ ရအောင်မရှာ တတ်ဖူး၊ ရှာနိုင်တဲ့အသိဉာဏ်လဲ မရှိဘူး၊ နောင် သံသရာအတွက်၊ လောကုတ္တရာအတွက် တရား စီးပွားရေးလည်း ရအောင်မရှာတတ်ဘူး၊ ကုသိုလ်ဆို ဘယ်ကုသိုလ်မှ တန်ဖိုးမထား၊ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လိုဖြစ်သလဲဆိုတော့–

http://www.dhammadownload.com



* ကုသိုလ်မရ၊ ဝမ်းမဝ၊
အောက်ကျဆင်းရပါ၊

ကုသိုလ်လည်းမရ၊ ဝမ်းလည်းမဝ၊ နေရာတကာမှာ အောက်ကျနောက်ကျ တယ်နိုင်တာပဲ၊ အင်မတန် မျက်နှာငယ်ရပါတယ်။

* * *

http://www.dhammadownload.com

# တစ်ဖက်မြင်သူ

* ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊
ကင်းကွာတရား၊ ထိုလူများ၊
စွမ်းအားမစုံပါ၊

ပစ္စုပ္ပန်ဘဝခန္ဓာ ရပ်တည်ရေးအတွက် ပစ္စည်းဥစ္စာတော့ ရှာနိုင်တယ်၊ ဒါပေမယ့် သံသရာအထိ (လောကုတ္တရာအထိ) မြင်အောင် ကြည့်နိုင်တဲ့ အသိမျက်စိက ပါမလာတော့ ကောင်းမှုကုသိုလ်တရားကို ဘာမှတန်ဖိုးမထားလို့ ကုသိုလ်ဆို ဘာမှမလုပ်တဲ့သူ။

သူ့ကျတော့ ပစ္စုပ္ပန်မှာ ဘဝခန္ဓာကိုတော့ ဝအောင်ကျွေးနိုင်တယ်၊ သို့သော် ကုသိုလ်ကို ရအောင်မယူတတ်လို့ သူ့စွမ်းအားက မစုံပါဘူး။

http://www.dhammadownload.com



- ကုသိုလ်မရ၊ ဝမ်းသာဝ၊
  ဘဝမလုံပါ၊

အဲဒီပုဂ္ဂိုလ်မျိုး (မျက်စိတစ်ဖက်သာပါတဲ့ သူမျိုး)ဟာ ကုသိုလ်မရ၊ ဝမ်းသာဝ၊ ပစ္စုပ္ပန်ဘဝ ခန္ဓာဝအောင် ကျွေးနိုင်တဲ့အတွက် ဝမ်းတော့ဝပါရဲ့၊ ဒါပေမယ့် ကုသိုလ်ရအောင် မယူတတ်လို့ ဘဝ မလုံဘူး၊ ပစ္စုပ္ပန်မှာလည်း မလုံဘူး၊ ဘဝကူးဆိုတာ မပြောနဲ့တော့၊ သူ့မှာ ဘာအာမခံမှုလည်း မရှိ။

* * *

http://www.dhammadownload.com

# နှစ်ဖက်မြင်သူ

* ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊
ရနိုင်လျှင်၊ အမြင်ပြည့်စုံပါ၊

ပစ္စုပ္ပန်ဘဝခန္ဓာ ရပ်တည်ရေးအတွက် ခန္ဓာကိုယ်ကြီးကျွေးဖို့လည်း ပစ္စည်းဥစ္စာကို တရားတဲ့နည်းလမ်းနဲ့ ရှာနိုင်တယ်၊ ကောင်းမှုကုသိုလ်တရားကိုလည်း အကွက်စေ့စေ့ရအောင် ရှာနိုင်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ နှစ်ဖက်မြင်အသိ၊ ပညာမျက်စိကရှိတော့ အကွက်စေ့တာပေါ့။

* ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊
မုချစိတ်အေးပါ၊

စားဝတ်နေရေးဟာလည်း သူ့အတွက် ကုသိုလ်အလုပ်ပဲ၊ နေ့စဉ်နေ့စဉ်ခန္ဓာဝန်ထမ်းဆောင်တဲ့ အလုပ်ဟာလည်းအကုန်လုံး ကုသိုလ် အလုပ်

http://www.dhammadownload.com



တွေချည်းပဲ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းကိစ္စ၊ ရပ်ကိစ္စ ရွာကိစ္စ၊ ဘယ်ဟာပဲ ဆောင်ရွက် ဆောင်ရွက်သူ့အတွက်ကုသိုလ်လည်းရ၊ဝမ်းလည်းဝချည်းပဲ။

ဘာပဲဖြစ်ဖြစ် ကုသိုလ်ကို ရအောင်ယူလိုက်တာပေါ့၊ ပုညခေတ်ကြီးဆိုတော့ ကုသိုလ်ကို ရသလောက် သိမ်းကျုံးယူရတာချည်းပဲ။

* ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊
  မရလျှင်၊ မမြင်အကန်းပါ၊
* ကုသိုလ်မရ၊ ဝမ်းမဝ၊
  အောက်ကျဆင်းရဲပါ၊
* ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊
  ကင်းကွာတရား၊ ထိုလူများ၊
  စွမ်းအားမစုံပါ၊
* ကုသိုလ်မရ၊ ဝမ်းသာဝ၊
  ဘဝမလုံပါ၊
* ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊
  ရနိုင်လျှင်၊ အမြင်ပြည့်စုံပါ၊
* ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊
  မုချစိတ်အေးပါ၊

* * *

http://www.dhammadownload.com

# ကံကိုထူထောင်ပေးခြင်း၊ မြှင့်တင်ပေးခြင်း

ဒါကြောင့် ကုသိုလ်ဆိုတာ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ (၃)မျိုးမှာ ကံကို ထူထောင်ပေးခြင်း၊ မြှင့်တင်ပေးခြင်းလည်းဖြစ်တယ်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ ခန္ဓာရုပ်တည်ကြောင်း၊ အကြောင်း (၄)ပါးမှာ ကံကိုမြှင့်တင်ပေးခြင်းလည်း ဖြစ်တယ်။

ခန္ဓာဆိုတာ ပြုပြင်ရတယ်၊ ခန္ဓာကိုယ်ကြီးရထားတော့ အမြဲတမ်းပြုပြင်နေရတာပဲ၊ ကုသိုလ်လုပ်တယ်ဆိုတာ ကံကိုပြုပြင်ပေးခြင်းလည်း ဟုတ်တယ်၊ စိတ်ကို ပြုပြင်ပေးခြင်းလည်း ဟုတ်တယ်။

ဒါကြောင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတဲ့ အဆင့်မြင့်လူဖြစ်အောင် သဒ္ဓါတရားလိုတယ်၊ အသိပညာတရားလိုတယ်၊ မေတ္တာလိုတယ်။

http://www.dhammadownload.com



အသိတရားရှိနေရင်တော့ နေ့စဉ်နေ့စဉ် လုပ်နေသမျှ အလုပ် ခပ်သိမ်းမှာ ကုသိုလ်အလုပ်ချည်း ဖြစ်နေတာ၊ အံ့သြစရာ တွေ့ရမှာပါ။

* * *

http://www.dhammadownload.com

## ပစ္စည်းပေါ်တိုင်း ဝမ်းမဝ

ဘုရားလက်ထက်က တောဒေယျပုဏ္ဏား သူဌေးကြီးဆိုတာ ရှိတယ်၊ သူဟာ ပစ္စည်း ဘယ်လောက် ပေါသလဲဆိုရင် ရွှေဒင်္ဂါး ၈၇ ကုဋေ ရှိတယ်၊ မြေကြီးထဲမှာ မြှုပ်ထားတာက အများကြီး ရှိသေးတယ်၊

ဒါပေမယ့် သူ့ကို အထင်မကြီးနဲ့၊ ဘာလို့ တုန်းဆိုရင် ကုသိုလ်လည်းမရဘူး၊ ဝမ်းလည်း မဝဘူး။

ပစ္စည်းပေါ်တိုင်း ဝမ်းဝလိမ့်မယ်လို့ မထင်နဲ့၊ ပစ္စည်းကို အလွန်နှမြောတတ်တဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းအပေါ်မှာ တွယ်တာကပ်ငြိမှု အားကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ့်ကိုကိုယ်တောင်မှ ဝအောင်မကျွေး ချင်၊ ကိုယ့်မိသားစုကိုတောင်မှ မကြည်ဖြူတတ်၊

http://www.dhammadownload.com



တောဒေယျပုဏ္ဏားသူဌေးကြီးဟာ ပစ္စည်း ၈၇ ကုဋေကျော်ကြီး ကြွယ်ဝသော်လည်း သဒ္ဓါတရားလည်းမရှိ၊ အထူးသဖြင့် အသိပညာတရားက ဘာမှ မရှိ၊ သူ့အသိပညာက ပစ္စုပ္ပန်တစ်ဘဝ လောက်ထိ ကြည့်နိုင်တယ်ပေါ့၊ သံသရာအထိ မကြည့်နိုင်ဘူး၊ လောကုတ္တရာအထိ မကြည့်နိုင်ဘူး။

ပစ္စည်းတွေကို ငါ့ဟာ၊ ငါ့ဟာနဲ့ အစွဲကြီး စွဲစွာနဲ့ စုရုံသာစုတယ်၊ ကိုယ့်ဟာကိုယ်တောင် မကြည့်ဖြူဘူး၊ ကိုယ့်ဟာကိုယ်တောင် ဝအောင် မကျွေးချင်ဘူး၊ မိသားစုကို ဝအောင်မကျွေးချင်ဘူး၊ လှူဖို့တန်းဖို့၊ ပေးဖို့ကမ်းဖို့၊ သာသနာချီးမြှောက်ဖို့ ဆိုတာ ထည့်မတွက်နဲ့။

* * *

http://www.dhammadownload.com

# ဉာဏ်မျက်စိနဲ့ တွေ့ရတာမဟုတ်

သူနေတာက မြတ်စွာဘုရား အများဆုံး သီတင်းသုံးတဲ့ သာဝတ္ထိမြို့မှာ၊ မြတ်စွာဘုရားနဲ့ လည်း ရံဖန်ရံခါ လမ်းမှာတွေ့တတ်ပါရဲ့။

ဒါပေမယ့် သူမြင်ရတာက ပကတိမျက်စိနဲ့ သာ မြင်ရတာ၊ သဒ္ဓါတရားတွေ အသိပညာတွေနဲ့ မြင်ရတာမဟုတ်။

ရံဖန်ရံခါ လမ်းမှာ သံဃာတော်အရှင်မြတ် တွေနဲ့ တွေ့ရပါရဲ့၊ ဒါပေမယ့် ပကတိပသာဒ မျက်စိနဲ့ တွေ့ရတာ၊ ဉာဏ်မျက်စိနဲ့ တွေ့ရတာ မဟုတ်တော့ ဘာကုသိုလ်မှ မလုပ်ဖူးတဲ့။

"လာဗျ၊ ဦးတောဒေယျကြီး၊ သာသနာ ချီးမြှောက်ရအောင်၊ လှူရတန်းရအောင်၊ သာသနာ လည်းအကျိုးများ၊ ကိုယ့်အတွက်လည်း၊ အမြတ် ထွက်ပေါ့"

အဲသလို သူ့ကို စေတနာကောင်းနဲ့ တိုက် တွန်းသူရှိရင် သူပြန်ပြောတာက

http://www.dhammadownload.com



"အလကားပါဗျာ၊ လှူတယ်ဆိုတာ ပစ္စည်းကုန်ရုံသာရှိတာ"

သူမြင်သလို ပြောတာကိုး၊

"လာဗျာ ဦးတောဒေယျကြီး၊ ဒီနေ့ ဥပုသ်နေ့၊ ဥပုသ်စောင့်ရအောင်၊ ဒါမှ ဘဝသံသရာမှာ အဆင့်မြင့်မယ်၊ ကုသိုလ်ရသလောက်ယူရအောင်"

"အလကားပါဗျာ၊ ထမင်းဆာတာသာရှိတာ"

သူမြင်သလို ပြောတာကိုး...။

"လာဗျာ...ဦးတောဒေယျကြီး၊ ကျောင်းမှာ တရားပွဲရှိတယ်၊ တရားသွားနာရအောင်၊ ဒါမှ ဘဝအမြင်ရှင်းမှာပေါ့၊ ခန္ဓာဝန် ထမ်း တတ်မှာပေါ့၊ သံသရာခရီး သွားတတ်မှာပေါ့၊ ပစ္စည်းရော၊ ခန္ဓာရော အဖိုးတန်အောင် သုံးတတ်မှာပေါ့"

"အလကားပါဗျာ၊ နားပူပါတယ်၊ အချိန်ဖြုန်းတဲ့ အလုပ်တွေပါဗျာ"

သူမြင်သလို ပြောတာကိုး။

သူ့ရဲ့ ပြောစကားတွေက ကုသိုလ်မရ၊ ဝမ်းမဝတဲ့ အောက်တန်းစားလူတွေရဲ့ စကားတွေပဲ ပြောတတ်တယ်၊ ဒါကြောင့် ဘာကုသိုလ်မှ စည်းရုံး

http://www.dhammadownload.com



လို့မရဘူး၊ ဘာဝနာအလုပ်ဆိုတာ မပြောနဲ့၊ ဒါနသီလလောက်တောင် နည်းနည်းမှ စည်းရုံးလို့မရဘူး။

မြတ်စွာဘုရား သီတင်းသုံးတဲ့ သာဝတ္ထိမြို့ကြီးမှာ နေပါလျက်သားနဲ့၊ ဘယ်ကုသိုလ်ကိုမှ စိတ်မဝင်စား၊ ဘယ်ကုသိုလ်မှမလုပ်၊ ဘယ်သူမှ စည်းရုံးလို့လည်းမရ၊ ပစ္စည်းကိုသာ ငါ့ဟာ,ငါ့ဟာ, ငါ့ဟာနဲ့ စွဲပြီး ရှာလိုက်တာ စုတေပြတ်ကြွေ ကွယ်လွန်သွားတဲ့အခါမှာ ပစ္စည်းတွေကိုစွဲပြီး ကွယ်လွန်သွားတဲ့အတွက် သူ့အိမ်ထဲမှာ ခွေးကြီးသွားဖြစ်တယ်။

သူဌေးကြီးက ခွေးဖြစ်တယ်၊ ပစ္စည်းဥစ္စာတွေက တစ်ပြားမှမကယ်။

* * *

# လူ့လောက၏ ဖို့(၃)ဖို့

ဒါကြောင့် လူ့လောကမှာ ဖို့(၃)ဖို့ရှိတယ်။

(၁) ခန္ဓာစုမြေကျွေးဖို့၊

(၂) ပစ္စည်းစု ထိုက်သူဖို့၊

(၃) တရားစု မိမိဖို့၊

http://www.dhammadownload.com



(၁) ခန္ဓာစု မြေကျွေးဖို့

ခန္ဓာကိုယ်ကြီးကို အလိုလိုက်ပြီးတော့ ဒါန လည်း မခိုင်းရက်ဘူး၊ သီလလည်း မခိုင်းရက်ဘူး၊ ဥပုသ်စောင့်ဖို့လည်း မခိုင်းရက်ဘူး ဘုရားရှိခိုးလေး တောင် မခိုင်းရက်ဘူး၊ တစ်နေ့ကို နာရီဝက် ၁ နာရီ တရားထိုင်ဖို့ မခိုင်းရက်ဘူး၊ တရားနာဖို့လည်း မခိုင်းရက်ဘူး၊ သိပ်ပြီးတော့ ညှာနေတယ်၊ ကျွေးရုံ သာကျွေးပြီး၊ ခန္ဓာကိုယ်ကြီး အလိုလိုက်နေတာ၊ ဘာလုပ်ဖို့လဲလို့သူများကမေးရင် ပါးစပ်က တိုက် ရိုက်တော့ မပြောဘူး၊ တရားသဘောက သူ့ဟာသူ အဖြေထုတ်တယ်၊ မြေကျွေးမလို့တဲ့၊ နောက်ထပ် မြေကြီးတိုးအောင် ကျွေးမယ်တဲ့၊ ခန္ဓာစုဟာဘာလုပ် ဖို့လဲ၊ မြေကျွေးမလို့၊ နောက် ထပ်မြေကြီးကျွေးဖို့တဲ့။

(၂) ပစ္စည်းစုထိုက်သူဖို့

ပစ္စည်းစုတာ ဘာလုပ်ဖို့လဲ၊ ပစ္စည်းဟာ ခန္ဓာနဲ့လည်းမကင်းဘူး၊ ဒါဖြင့် ဘာကြောင့်စုတာ လဲလို့ မေးလိုက်တော့ ပါးစပ်က ဘာမှမပြော ပေမယ့် တရားသဘောနဲ့ အဖြေထုတ်တယ်၊ ထိုက်သူတွေသုံးဖို့လို့တဲ့။

http://www.dhammadownload.com



ထိုက်တဲ့ပုဂ္ဂိုလ်တွေ သုံးကြပါစေ၊ ကိုယ်နဲ့ ထိုက်သလောက်လဲ သုံးချင်သုံးရမယ်၊ ဒိပြင်ပုဂ္ဂိုလ်နဲ့ ထိုက်ရင်လဲ ဒိပြင်ပုဂ္ဂိုလ် သုံးသွားလိမ့်မယ်၊ ရန်သူမျိုးငါးပါးနဲ့ ထိုက်ရင်လဲ ရန်သူမျိုးငါးပါးထံ ရောက်သွားလိမ့်မယ်၊

ပစ္စည်းက ပိုင်မှမပိုင်ဘဲ၊ ဘုံဆိုင်ကိုး၊ ဒါကြောင့် ပစ္စည်းစုတာက ထိုက်သူတွေအတွက်ပါ။

(၃) တရားစု မိမိဖို့

- ဒါနလုပ်တာ ဘယ်သူ့ဖို့လဲ?၊
  ကိုယ့်ဖို့ ကျန်အောင်လုပ်ရတာ၊
- သီလကျင့်သုံးတာ ဘယ်သူ့ဖို့လဲ?၊
  ကိုယ့်ဖို့ကျန်အောင် ကျင့်သုံးရတာ၊
- ဥပုသ်စောင့်တာ ဘယ်သူ့ဖို့လဲ?၊
  ကိုယ့်ဖို့ကျန်အောင် စောင့်ရတာ၊
- ဘုရားရှိခိုးတာ ဘာလုပ်ဖို့လဲ?၊
  ကိုယ့်ဖို့ကျန်အောင် ရှိခိုးရတာ၊
- တရားထိုင်တာ၊တရားမှတ်တာ၊တရားဘာဝနာပွားတာ ဘယ်သူ့ဖို့လဲ?၊
  ကိုယ့်ဖို့ကျန်အောင်ပွားများရတာ၊

http://www.dhammadownload.com



- ယခုလို တရားနာကြတာ ဘာလုပ်ဖို့လဲ?၊
ကိုယ့်ဖို့ကျန်အောင် နာကြရတာ၊
- ကုသိုလ်အလုပ်မှန်ရင် ကိုယ့်ဖို့ကျန်အောင်
လုပ်ကြရတာချည်းပဲ၊

* * *

http://www.dhammadownload.com

# ကုသိုလ်တရားသည် စီးပွားရေး

ဒါကြောင့် ကိုယ့်ကိုကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်များဟာ ကုသိုလ်တရားဟာ စီးပွားရေးပဲလို့ အမြင်ရှင်းရှင်းနဲ့ ကုသိုလ်ကိုရအောင် လိမ်မာပါးနပ်စွာ ယူကြစေမြဲပါ။

တောဒေသပုဏ္ဏားသူဌေးကြီး ကိုယ့်ကိုကိုယ်မှ မချစ်ဘဲ၊ ပစ္စည်းကို အချစ်လွဲနေတာ၊ ပစ္စည်းစု ထိုက်သူဖို့ ဖြစ်ရတတ်တယ်၊

"ကဲ... ကျန်တဲ့ပုဂ္ဂိုလ်တွေ ထိုက်သူဝေသာ စားကြပေတော့"လို့ မပြောပေမဲ့ ပြောသလိုပစ်ထားခဲ့ရတော့တာ...။

သူ့အိမ်အတွင်းမှာ ခွေးကြီးဖြစ်တော့ ခွေးဘဝမှာ ဒီပစ္စည်းကိုသုံးလို့မှမရတာပဲ၊ ဒါကြောင့် ကုသိုလ်မရ၊ ဝမ်းမဝ ဖြစ်ရတာပေါ့၊ ပစ္စည်းပေါတိုင်း ဝမ်းဝတာမဟုတ်ဘူး၊ နှမြောမှု အားကြီးနေရင်၊ တွယ်တာမှုအားကြီးနေရင်၊ ပတ်ဝန်းကျင်အပေါ်မှာ ထားသင့်တဲ့ စေတနာ မေတ္တာတွေ ခေါင်းပါးနေရင် ပစ္စည်းဟာ အလကားဖြစ်တတ်တယ်။

http://www.dhammadownload.com



ဒါကြောင့် စာထဲမှာလည်း ဥပမာပေးပါတယ်၊ သဒ္ဓါတရား ခေါင်းပါးတဲ့ပုဂ္ဂိုလ် အသိတရား ခေါင်းပါးတဲ့ ပုဂ္ဂိုလ်ရဲ့လက်ထဲ ရောက်သွားတဲ့ ပစ္စည်းဟာ ဟိုတောခေါင်ခေါင်၊ လူသူအရောက်အပေါက်မရှိတဲ့ တောခေါင်ခေါင်ကြီးထဲမှာ အသီးသီးနေတဲ့ သစ်ပင်ကြီးနဲ့ တူလိုက်တာတဲ့။

တောခေါင်ခေါင်ကြီးထဲမှာ အသီးသီးတဲ့ သစ်ပင်ဟာ လူသူ အရောက်အပေါက်မရှိတော့ လူဆိုရင် ဘယ်သူမှ မစားရ၊ မသုံးရ၊ အချိန်တန်တော့ အလိုအလျောက်ကြွေကျ ပုပ်ဆွေးလို့ ပျက်စီးလို့သာ ကုန်တယ်၊ ဘယ်သူမှ မစားသုံးရ။

အဲဒီအတိုင်းပဲ သဒ္ဓါတရားခေါင်းပါးတဲ့လူရဲ့ လက်ထဲကို၊ အသိတရားခေါင်းပါးတဲ့လူရဲ့ လက်ထဲကို၊ မေတ္တာတရားခေါင်းပါးတဲ့လူရဲ့ လက်ထဲကို ရောက်သွားတဲ့ပစ္စည်းဟာလည်းပဲ ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့ အချိန်တန်တော့ ပျက်သွားမှာပဲ ရှိတယ်၊ ဒီပြင် ထိုက်တဲ့ပုဂ္ဂိုလ်တွေ သုံးသွားကြတာလည်းရှိမှာပဲ၊ ရှာတဲ့ပုဂ္ဂိုလ်တောင်မှ အဖိုးတန်အောင် မသုံးလိုက်ရဘူး။

* * *

http://www.dhammadownload.com

# ကုသိုလ်မရ၊ ဝမ်းမဝ

တောဒေယျပုဏ္ဏားသူဌေးကြီး၊ ပစ္စည်း ၈၇ ကုဋေတွေ အကုန်ပစ်ထားခဲ့ရတာပဲ၊ လောက အကြည့်နဲ့ကြည့်ရင် ထိပ်တန်းသူဌေးကြီး၊သာသနာ ဘက်က ကြည့်ရင် သနားစရာအကောင်းဆုံး လူကြီး၊ အဆင်းရဲဆုံးလူကြီးပေါ့၊ (ခွေးဖြစ်သွား တယ်)

အဲဒါ ကုသိုလ်မရ ဝမ်းမဝ၊ မရှိတာလည်း မဟုတ်ဘဲနဲ့ ရှိလျက်သားနဲ့ ကုသိုလ်လည်းရအောင် မယူတတ်၊ ဝမ်းကိုတောင်မှ ဝအောင်မကျွေးတတ်။

အဲသလိုဆိုရင် သာသနာပြုအလုပ်ဆိုတာ ပစ္စည်းပေါတိုင်း လုပ်တဲ့အလုပ် မဟုတ်ဘူးဆိုတာ

http://www.dhammadownload.com



သေချာသွားတယ်၊ အမြင်ရှင်းတဲ့ ပုဂ္ဂိုလ်များသာ ပြုလုပ်နိုင်တယ်၊ သဒ္ဓါတရား ကြည်ကြည်လင်လင်နဲ့ ယုံကြည်တတ်သူ ပုဂ္ဂိုလ်များသာ ပြုလုပ်နိုင်တယ်။

* * *

http://www.dhammadownload.com

# ကိုယ့်ကိုကိုယ်ပိုင်တာကျနေတာပဲ

ပဗ္ဗူဇာတ်ထဲမှာလာတဲ့ သူဌေးကတော် အမျိုးသမီးတစ်ယောက်၊ သူလည်း ပစ္စည်းအလွန် ကြွယ်ဝတယ်၊ ဘယ်လောက် ကြွယ်ဝသလဲဆိုရင် မြေကြီးထဲမှာ မြှုပ်ထားတာတောင် ငွေဒင်္ဂါး ကုဋေ လေးဆယ်ရှိတယ်၊ မြေပေါ်မှာ၊ အိမ်ပေါ်မှာဆိုရင် မပြောနဲ့တော့၊ အများကြီးပဲ၊ ပစ္စည်းတွေ သိပ်ပေါ၏။

ပေါပေမဲ့ လောဘက အတောမသပ်နိုင်၊ ကုသိုလ်ကို စိတ်မဝင်စား၊ သူက ဝမ်းဝအောင် ကျွေးတော့ကျွေးတယ်၊ ကုသိုလ်ရတဲ့ အလုပ်ကို စိတ်မဝင်စားဘူး။

http://www.dhammadownload.com



ကုသိုလ်မလုပ်ဘူးတော့ မဟုတ်ဘူး၊ လုပ်တော့လုပ်မှာပါတဲ့၊ ဘယ်တော့လုပ်မှာလဲလို့ မေးတော့တတိယအရွယ်ရောက်မှ လုပ်မှာပေါ့တဲ့။

ပထမအရွယ်မှာလည်း ဥစ္စာစီးပွား ရသလောက်ရှာမယ်၊ ရသလောက်ရှာဦးမယ်၊ ဒုတိယအရွယ်မှာလည်း ဥစ္စာစီးပွား ရသလောက်ရှာဦးမယ်၊ ရှိနေတာကို နောက်ထပ်ရအောင်၊ များသည်ထက်များအောင် ရှာဦးမှာတဲ့။

တတိယအရွယ်ရောက်မှ ကုသိုလ်လုပ်မယ်၊ ကိုယ့်ကိုကိုယ်ပိုင်တာ ကျနေတာပဲ၊ ကိုယ့်ကိုကိုယ်ပိုင်ရင် တတိယအရွယ်ရောက်မှ ကုသိုလ်လုပ်မယ်လို့ ပိုင်းလို့ရတာပေါ့။

* * *

F ၃၉

http://www.dhammadownload.com

## အချိန်ကန့်သတ်ချက်ပါတယ်

ကိုယ့်ဟာကိုယ် ဉာဏ်နဲ့စဉ်းစားပေါ့၊ ဤခန္ဓာကိုယ်ကြီးဟာ အငှားသာဖြစ်တယ်၊ အငှားရဲ့ သဘောဟာ အချိန်စေ့တော့ ပြန်အပ်ရမှာ၊ နောက်က အချိန်ကန့်သတ်ချက်လေးတွေ ပါတယ်။

ငါ ဒီဘဝမှာ ဘယ်နှစ်နှစ်အထိအောင် နေလိုက်မယ်ဟဲ့၊ အသက်(၉၀)မပြည့်ရင် သေကို မသေဘူးဟဲ့၊ နေပြလိုက်မယ်လို့ ကိုယ့်ဟာကိုယ် ကန့်သတ်လို့ မရ၊ သူက ကန့်သတ်လိုက်ပြီးသား။

သူကန့်သတ်လိုက်တဲ့နောက် ကိုယ်က မှီအောင်လိုက်ရမှာ၊ သူ့ကို ကိုယ့်နောက် ဒရွတ်တိုက်ဆွဲလို့ မရဘူး။

http://www.dhammadownload.com



ထို့အတူပစ္စည်းဥစ္စာဆိုတာလည်း အငှားပဲ၊ ခဏတဖြုတ် ကိုယ့်လက်ထဲငှားထားတာ၊ အပိုင်မဟုတ်ဘူး၊ အငှားဆိုတာ အချိန်စေ့တော့ ပြန်အပ်ရမှာ၊ နောက်က အချိန်ကန့်သတ်ချက်လေးတွေပါတယ်။

ထို့အတူကိုယ့်လက်ထဲမှာ ကိုယ့်ကို ယုံကြည်လို့အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်လေးတွေရှိတယ်၊ အဲဒါတွေလည်း အငှားတွေပဲ၊ အချိန်စေ့ ပြန်အပ်ရမှာချည်းပဲ။

* * *

http://www.dhammadownload.com

# အငှား(၄)မျိုး

(၁) ခန္ဓာလည်းအမှားပဲ၊

(၂) ပစ္စည်းတွေလဲ အငှားပဲ၊

(၃) ကိုယ့်ကိုယ့်ကြည်လို့၊ ပတ်ဝန်းကျင်က အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်တာဝန်တွေ (ရာထူးတွေပေါ့) အဲဒါတွေလည်း အငှားတွေ၊ အချိန်စေ့ပြန်အပ်ရမှာချည်းပဲ။

ဒီတော့ အငှားနဲ့သာ ဘဝကို မျှောချသွားရင် အငှားတွေ အချိန်စေ့သွားလို့ ပြန်အပ်ရရင် ဟာကနဲဖြစ်ရမှာတော့ သေချာပြီပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့ လူဆိုတာ တရားအသိက လက်ဦးမှ၊ အငှားထဲကအပိုင်ကို ကိုယ်ကလက်ဦး အောင်ထုတ်နိုင်မှ စိတ်အေးကြရမှာ၊ ကုသိုလ်လည်း ရ ဝမ်းလည်းဝ လမ်းစဉ်နဲ့သွားနိုင်မှ စိတ်အေးကြ ရမှာ။

* * *

http://www.dhammadownload.com

# လူမည်ခြင်းအကြောင်း(၃)မျိုး

လူမည်ခြင်း အကြောင်း(၃)မျိုးကို ပြတယ်။

(၁) လူဆိုသည်မှာ၊ လုပ်သင့်တာ၊
ကောင်းစွာလုပ်ရပေ၊

လူဆိုတာ လုပ်သင့် မလုပ်သင့် ခွဲပြီးတော့ နားလည်ရမယ်၊ ခွဲနားလည်ပြီးတော့ မလုပ်သင့်တာ ရဲရဲရှောင်ရမယ်၊ လုပ်သင့်တာ မဖြစ်မနေ ကြိုးကြိုးစားစား ပြုလုပ်အားထုတ်ရမယ်၊ အဲဒါမှ လူလို့ခေါ်တယ်။

(၂) ထက်မြက်စွန့်စား၊ စိတ်စွမ်းအား၊
မြင့်မားကြရပေ၊

http://www.dhammadownload.com



လူဆိုတာ ထက်မြက်တဲ့စိတ် ရှိရမယ်၊ စွန့်စားတဲ့စိတ် ရှိရမယ်၊ မြင့်မားတဲ့စိတ် ရှိရမယ်၊ ရဲရင့်တဲ့စိတ် ရှိရမယ်၊ ထက်ထက်သန်သန် တက်တက်ကြွကြွ အဆင့်မြင့်တဲ့စိတ် ရှိရမယ်၊ အဲဒါမှ လူလို့ခေါ်တယ်။

(၃) ဆရာမိဘ၊ ပြောသမျှ၊ ဆုံးမနာယူလေ၊

လူအစစ်ဆိုတာ ဆရာမိဘစတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန်ချက် အဆုံးအမကို ရတနာထုပ်ကြီးကို ရသလိုပဲ ရိုရို သေသေ လေးလေးစားစား တန်ဖိုးထားပြီး လိုက်နာတတ်တယ်၊ နားထောင်တတ်တယ်၊ ကျင့်သုံးတတ်တယ်၊ အဲဒါမှ လူလို့ခေါ်တယ်။

* * *

http://www.dhammadownload.com

# ကိလေသာနဲ့နေရတဲ့ပုထုဇဉ်

ဘာဖြစ်လို့ ပညာရှိသူတော်ကောင်းတွေရဲ့ အဆုံးအမကို နာယူသင့်တာလဲ?

စာထဲမှာပေးထားတဲ့ ဥပမာကလေးတစ်ခု ရှိတယ်။

လူတွေဟာ သားဟင်းငါးဟင်း စားချင်တာနဲ့ ဈေးသွားပြီးတော့ သားစိမ်းတွေ ငါးစိမ်းတွေ ဝယ်ပါသတဲ့၊ သားစိမ်းငါးစိမ်းဝယ်ပြီး အိမ်ကို ရောက်တဲ့အခါမှာ စင်း, ခုတ်တာလည်း မလုပ်ဘူး၊

http://www.dhammadownload.com



ချက်လည်းမချက်ဘူး၊ သွေးရဲရဲ သံရဲရဲနဲ့ ဒီအတိုင်းပဲ ကိုက်စားလိုက်တယ် ဆိုပါတော့။

ဒီအတိုင်းစားလို့ ပါးစပ်ထဲရောက်တာနဲ့ တပြိုင်နက် အဆင်းကလည်းမကောင်း၊ အနံ့ကလည်းမကောင်း၊ အရသာကလည်းမကောင်း၊ ဘယ်လိုမှ မျိုလို့မရဘူး အန်ပြီးတော့ နှလုံးနာလာမှာပါ၊ ဘာကြောင့်လဲဆိုတော့ မပြုပြင် မချက်ပြုတ်လို့ပေါ့။

အဲသလိုပဲ ပုထုဇဉ်ဆိုတာ ကိလေသာနဲ့ နေရတာ၊ ကိလေသာနဲ့ နေရတော့ ကိလေသာ အညှီအဟောက်တွေ၊ ကိလေသာအနံ့တွေ၊ လိုအပ်တာထက်ပိုပြီး လွန်ကဲလာတဲ့အခါမှာ အညှီအဟောက်အနံ့တွေ ထွက်လာတယ်၊ ပတ်ဝန်းကျင်ရဲ့ အော့စရာ၊ အန်စရာ၊ နှလုံးနာစရာ ဖြစ်လာတယ်၊ ဘယ်သူမှ မသုံးချင်ဘူး၊ ဘယ်သူမှလည်း မယုံဘူး၊ ဘယ်သူမှလည်း လူရာမသွင်းဘူး ဝိုင်းပယ်ခံရတယ်။

သားစိမ်းငါးစိမ်းတွေ ဈေးကဝယ်လာလို့ အိမ်ရောက်တဲ့အခါမှာ သေသေချာချာ ရေနဲ့ဆေး

http://www.dhammadownload.com



ကြော၊ စင်းခုတ်ပြီးတော့ ဆိတ်တွေ၊ ဆားတွေ၊ စသည်ဖြင့် မွှမ်းထုံလို့ သေသေချာချာ ချက်တတ် ပြုတ်တတ်တဲ့ ပုဂ္ဂိုလ်က ချက်ပြုတ်ပြီးပြီဆိုရင် စားပွဲပေါ်မှာတင်ပြီးတော့ ဟင်းခွက်အနေနဲ့ အနံ့ ကလည်း ကောင်း၊ အရသာကလည်း ကောင်း၊ အဆင်းကလည်း ကောင်း၊ ပွဲတိုးတဲ့ ဟင်းလေးတစ် ခွက်ဖြစ်လာတယ်။

ပွဲတိုးတဲ့၊ ပွဲဝင်တဲ့၊ စားချင်စရာ အလွန် ကောင်းတဲ့ အစာအာဟာရ ဖြစ်လာတယ်၊ လူကို အားဖြစ်စေတဲ့ အစာရယ်လို့ ဖြစ်လာတယ်။

အဲဒီအတိုင်းပဲ၊ ကိလေသာနဲ့နေရတဲ့ ပုထုဇဉ် ဆိုတာကလဲ ပညာရှိသူတော်ကောင်းတွေရဲ့ မွမ်းမံ ပြင်ဆင်မှု (ချက်ပြုတ်မှုနဲ့တူတဲ့) လမ်းညွှန်မှု၊ ဆုံးမမှုကို ရမှသာလျှင် ပွဲဝင်တယ်၊ ပုထုဇဉ်ဟာ လူလိမ္မာကလေး ဖြစ်သွားတယ်။

ပတ်ဝန်းကျင်က သူ့ကို သိပ်ချစ်ကြ၊ ခင်ကြ၊ မြတ်နိုးကြတယ်၊ ဘယ်နေရာမဆို သူ့ကို နေရာ

http://www.dhammadownload.com



တိုင်း သုံးချင်တာပဲ၊ နေရာတိုင်း ရှေ့ကထားချင်တာပဲ၊ (ယုံတာကိုး၊ အင်မတန် မြတ်နိုးတာကိုး)

* * *

http://www.dhammadownload.com

# ပုထုဇဉ်ဆိုသည်မှာ

ဒါကြောင့် ပုထုဇဉ်ဆိုတာ သားစိမ်းငါးစိမ်း လိုပဲ၊ သားစိမ်းငါးစိမ်းဆိုတာ ချက်မှပြုတ်မှ၊ အချက်အပြုတ် အပြုအပြင်ကောင်းမှ ပွဲဝင်တယ်၊ ပွဲတိုးတယ်၊ စားလို့ကောင်းတဲ့ အစာအာဟာရ ဟင်းခွက်ရယ်လို့ ဖြစ်လာရသလိုပေါ့။

ပုထုဇဉ်ဆိုတာ ကိလေသာအညှီအဟောက် တွေကို ရှင်းပြီး၊ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန်ပြုပြင် သွန်သင်မှုကို ရမှသာလျှင် အဖိုး

http://www.dhammadownload.com



တန့်တဲ့လူ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့ အထက်တန်းစားလူ ဖြစ်နိုင်တယ်။

* * *

http://www.dhammadownload.com

# တရားမပါရင်

- **တရားကင်းကွာ၊ မချမ်းသာ၊ ရှိတာတွေလည်း၊ အငှားတွေ၊**

လူ့ဘဝကို ရလာတဲ့အခါ တရားအသိမပါပဲနဲ့ "တရားဆိုတာ လုပ်စရာမလိုပါဘူးဗျာ၊ အပိုတွေပါ"လို့ တောဒေသျပုဏ္ဏား သူဌေးကြီးလို၊ ပဗ္ဗဇာတ်ထဲက သူဌေးကတော်လေးလို၊ ကုသိုလ်လုပ်ဖို့ မလိုသေးပါဘူး၊ မလိုပါဘူးလို့ ဘေးဖယ်နေတဲ့ ပုဂ္ဂိုလ်တွေ...၊

တရားမပါရင် လူ့ဘဝဟာ လုံးဝမချမ်းသာဘူး၊ ရှိတာတွေ ဘယ်လောက်ပဲရှိရှိ၊ ရှိသမျှတွေဟာ အငှားတွေချည်းပဲ၊ ပစ္စည်းဘယ်လောက်ပဲ ကြွယ်ဝကြွယ်ဝ၊ ရာထူးဘယ်လောက်ပဲ ရှိရှိ၊ ဘာတွေပဲရှိရှိ၊

http://www.dhammadownload.com



ဘာတွေပဲ ပြည့်စုံပြည့်စုံ ဉာဏ်နဲ့ကြည့်လိုက်တော့ အငှားချည်းပဲ၊ နောက်ပိတ်ဆုံး ကိုယ့်ခန္ဓာတောင် ခဏငှားထားတဲ့ အငှားဖြစ်နေတာ တွေ့ရမှာပါ။

ဒါကြောင့် ကုသိုလ်တရားသာ မပါဘူးဆိုရင် လူ့ဘဝမှာ လုံးဝ ချမ်းသာမှာ မဟုတ်ဖူး၊ ချမ်းသာဖို့ဆိုရင်၊ ငြိမ်းအေးဖို့ဆိုရင်၊ တွေ့သမျှနဲ့ အဆင်ပြေဖို့၊ နေတတ်ဖို့ဆိုရင်၊ ပစ္စုပ္ပန်ဘဝသာမက သံသရာဘဝကူးအထိ စိတ်အေးရဖို့ဆိုရင် ကုသိုလ်တရားကောင်းကို လုပ်ရမှာ။

* * *

http://www.dhammadownload.com

# ကုသိုလ်ဆိုသည်မှာ

- **ပစ္စည်းခန္ဓာ၊ ရှာရှံသာ၊
ရတာတွေလည်း အဆိပ်တွေ၊**

ကုသိုလ်ဆိုသည်မှာ စိတ်ကောင်းက ဖော်ထုတ်လို့ရတဲ့ လူ့စွမ်းအားပါ၊ ဒီတရားကိုမရှာဘဲ ပစ္စည်းကိုသာရှာနေတယ်၊ ခန္ဓာကိုသာစုလို့ ခန္ဓာကိုသာ ရှာနေတယ်ဆိုရင် ဤနှစ်ခုရှာနေရုံနဲ့တော့ ရလာသမျှတွေဟာ အဆိပ်တွေချည်းပဲ။

လူ့လောကဆိုတာ အဆိပ်ထဲနေရတာပဲ၊ ပြုံးနေတုန်း မဲ့ကြရတယ်၊ ရှင်းနေတုန်း ရှုပ်ကြရတယ်၊ တက်နေတုန်း နိမ့်ကျကြရတယ်၊ အဲသလိုစသည်ဖြင့် အဆိပ်တောထဲ နေကြရတာမျိုးပါ၊ အဲသလိုဆိုရင် ဘာလိုအပ်သလဲဆိုတော့

http://www.dhammadownload.com



တရားရှာမှ၊ ကိုယ်ပိုင်ရ၊
မုချချမ်းသာပေ၊

တရားရှာမှ၊ ကိုယ်ပိုင်ရမယ်၊ မုချကောန် ချမ်းသာမယ်၊

သတိမေတ္တာ၊ ဤ(၂)ဖြာ၊
လူ့ရွာအဆိပ်ဖြေ၊

ဒါကြောင့် အဆိပ်ဖြေပေးဖို့ တရားက (၂) ပါးတဲ့၊ သတိနဲ့မေတ္တာ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝဖို့ဆိုရင် သတိ,မေတ္တာ အဆိပ်ဖြေဆေးသုံးရမှာ၊

သတိဆိုတာ ကိုယ့်ကိုယ်ကို အနိုင်ယူတဲ့ တရား၊ မေတ္တာဆိုတာ ပတ်ဝန်းကျင်ကို အနိုင်ယူတဲ့ တရား၊

ကိုယ်ကိုယ်ကိုလည်းနိုင်ရင်၊ ပတ်ဝန်းကျင် ကိုလည်း နိုင်ရင်၊ အဲဒီပုဂ္ဂိုလ်ဟာ ဘာမှ ပူစရာမလို တော့ဘူး၊ ဘယ်သူ နဲ့မှလည်း ပြဿနာဖြစ်စရာ သူ့မှာမရှိတော့ဘူး၊ တွေ့သမျှနဲ့ အဆင်ပြေအောင် အေးချမ်းတည်ငြိမ် ရင်းကျက်စွာဖြင့် ဘဝခရီးကို ဖြောင့်ဖြောင့်လေး သွားသွားတတ်တယ်။

* သတိကိုကိုင်၊ ကိုယ်ကိုနိုင်၊
ကြံခိုင်စွမ်းအား ပြည့်ဝပေ၊

http://www.dhammadownload.com



သတိကိုကိုင်တော့ ကိုယ်ကို နိုင်တယ်၊ ကိုယ့်ကိုကိုယ်နိုင်တော့ ကြံ့ခိုင်တဲ့စွမ်းအားတွေ ပြည့်တယ်၊ စွမ်းအားတက်အောင် ရအောင် ရယူနိုင်တယ်။

* မေတ္တာကိုကိုင်၊ သူ့ကိုနိုင်၊
  ကြံ့ခိုင်အေးမြပေ၊

မေတ္တာကိုကိုင်တော့ သူ့ကိုနိုင်တယ်၊အားလုံးအပေါ်မှာ ချမ်းသာစေချင်တဲ့ မေတ္တာတရားထားတဲ့ ပုဂ္ဂိုလ်ဟာ အားလုံးအပေါ်မှာ အနိုင်ယူနေတာပေါ့၊ အမြဲတမ်း အေးချမ်းလို့၊ စီးပွားဥစ္စာရှာတာတောင်မှ မေတ္တာတရား ရှေ့ကထားလို့ ရှင်းရှင်းလေးနဲ့ ရအောင်ယူတတ်တယ်။

* * *

# သတိဆိုသည်မှာ

သတိဆိုတာ တစ်ယောက်တည်း တည့်အောင်နေတဲ့တရား၊တစ်ယောက်တည်းတည့်အောင် မနေတတ်လို့ ဒုက္ခရောက်တာတွေ အများကြီး၊

http://www.dhammadownload.com



ပစ္စည်းလေးတစ်ခု၊ ကိုယ်က အမှတ်တမဲ့ထားလိုက်၊ လိုချင်လို့ရှာ၊ မတွေ့တော့ဘူး၊ စိတ်ဆိုးရပြီ၊ ကိုယ့်ဟာကိုယ် စိတ်ဆိုးရပြီ၊

"ဘယ်နှယ်၊ ငါဟာ တယ်ညံ့ပါလား၊ ကိုယ့်ပစ္စည်းလေးကိုမှ သတ်သတ်မှတ်မှတ် မထားတတ်ဖူး၊ ငါ တယ်ညံ့တာပဲ"

ကိုယ့်ဟာကိုယ် စိတ်ဆိုးရတာတွေ။

သတိဆိုတာ အဆိပ်ဖြေဆေးက တစ်ယောက်တည်းနေတဲ့အခါ၊ တစ်ယောက်တည်း တည့်အောင်နေဖို့ ညွှန်ပြတယ်၊ အချိန်တိုင်း အလေအလွင့်မရှိအောင် သုံးဖို့ကိုလည်း ညွှန်ပြတယ်။

မေတ္တာဆိုတဲ့တရားက ပတ်ဝန်းကျင် ပုဂ္ဂိုလ်တွေနဲ့ မလွဲသာမရှောင်သာ ဆက်ဆံရတဲ့အခါ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင်နေတတ်ဖို့ ညွှန်ပြတယ်၊ ပတ်ဝန်းကျင်အပေါ် လိမ်မာပါးနပ်စွာ အနိုင်ယူတတ်ဖို့လည်း ညွှန်ပြတယ်။

အဲသလိုဆိုရင် သူဌေးကတော်လေး (မြန်မာလိုဆိုရင် မကြွယ်တဲ့)၊ မကြွယ်၊ အငှားတွေကို

http://www.dhammadownload.com



သူက အပိုင်ထင်ပြီးတော့နေတာ၊ သူ့ကိုယ်သူ ပိုင်တယ်မှတ်ပြီး တတိယအရွယ်ထိ ရွှေ့နေတယ်၊ တတိယအရွယ်ကျမှ ကုသိုလ်လုပ်မယ်လို့ သူက ရွှေ့နေသတဲ့။

* လူဆိုသည်မှာ၊ လုပ်သင့်တာ၊
ကောင်းစွာသိရပေ၊

* ထက်မြက်စွန့်စား၊ စိတ်စွမ်းအား၊
မြင့်မားကြရပေ၊

* ဆရာမိဘ၊ ပြောသမျှ၊
ဆုံးမနာယူလေ၊

* တရားကင်းကွာ၊ မချမ်းသာ၊
ရှိတာတွေလည်း အငှားတွေ၊

* ပစ္စည်းဥစ္စာ၊ ရှာရုံသာ၊
ရတာတွေလည်း အဆိပ်တွေ၊

* တရားရှာမှ၊ ကိုယ်ပိုင်ရ၊
မုချချမ်းသာပေ၊

* သတိမေတ္တာ၊ ဉာဏ်နှစ်ဖြာ၊
လူ့ရွာအဆိပ်ဖြေ၊

http://www.dhammadownload.com



* သတိကိုကိုင်၊ ကိုယ့်ကိုနိုင်၊
ကြံ့ခိုင်စွမ်းအား ပြည့်ဝပေ၊
* မေတ္တာကိုကိုင်၊ သူ့ကိုနိုင်၊
ကြံ့ခိုင်အေးမြပေ၊
* ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊
မုချချမ်းသာပေ။

* * *

http://www.dhammadownload.com

# အသိ, သတိ, မေတ္တာလိုတယ်

အသိပညာလိုအပ်သလို၊ သတိလည်းလိုတာပဲ၊ ပစ္စည်းကို ခွဲဝေအသုံးချရေး အပိုင်းရောက်တော့ မေတ္တာကလည်း အရေးတကြီး လိုအပ်တာပဲ။

ဒါကြောင့် ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ သာသနာကို အကြောင်းပြုပြီး ကုသိုလ် အလှူဒါန လုပ်ကြတယ်ဆိုတာ သဒ္ဓါကလည်း အားကောင်းကြပေလို့ပေါ့။ အသိပညာကလည်း ရှင်းရှင်းနဲ့ ရှိကြပေလို့သာပေါ့။

မိမိစိတ်ကောင်းကြောင့် ပတ်ဝန်းကျင် ချမ်းသာစေရမယ်၊ မိမိစိတ်ကောင်းကြောင့် လောကသား

http://www.dhammadownload.com



ကောင်းကြောင့် လောကသာသနာ ကြီးပွားစေရမယ်လို့ မေတ္တာတရားကလည်း အားကြီးပေလို့သာပေါ့၊ အဲဒါကြောင့်သာ လုပ်ဖြစ်တာ။

* * *

http://www.dhammadownload.com

# ပုံသေမှတ်ထားလို့မရ

တောဒေယျပုဏ္ဏားသူဌေးကြီးရဲ့ ပစ္စည်းပိုင်ဆိုင်မှုတွေ သာသနာအတွက် သုံးလိုက်မယ်ဆိုရင် များကြီးသုံးနိုင်တာပေါ့၊ ဒါပေမယ့် ပစ္စည်းပေါတိုင်း သုံးနိုင်တာမဟုတ်ဘူး။ (အမြင်ကမရှင်းဘဲကိုး)

ပဗ္ဗဇာတ်ထဲမှာလာတဲ့ သူဌေးကတော်လေးကလည်းပဲ ပစ္စည်းကိုသာ ရှာနေတယ်။ တရားကိုတော့တတိယအရွယ်ကျမှ လုပ်မယ်၊ ကိုယ့်ကိုယ်ကိုပိုင်တာကျနေတာပဲ။

ဒါကြောင့် ပထမအရွယ်မှာ ပညာရှာရမယ် (မှန်တယ်ပဲထားပေါ့)၊ ဒုတိယအရွယ် စီးပွားဥစ္စာရှာရမယ်ဆိုတာ မှန်တယ်ပဲထားပါတော့၊ တတိယအရွယ်မှာ တရားဘာဝနာရှာရမယ်ဆိုတာ ပုံသေမှတ်ထားလို့မရဘူး၊ ဘာလို့တုန်းဆိုတော့ ကိုယ့်ကိုယ်ကို မပိုင်လို့ပါ။

http://www.dhammadownload.com



ဤခန္ဓာကိုယ်ကြီးကို တတိယအရွယ်ရောက်အောင် နေရမယ်လို့ ဘယ်သူက အာမခံထားလို့လဲ၊ ဤခန္ဓာကိုယ်ကြီးကို တတိယအရွယ်ရောက်မှ သေစေရမယ်၊ ပထမအရွယ်၊ ဒုတိယအရွယ်မှာ မသေစေရပါဘူးလို့ ဘယ်သူက အာမခံ တာဝန်ယူထားလို့လဲ။

ဘယ်သူမှ အာမလည်းမခံနိုင်၊ တာဝန်လည်းမယူနိုင်၊ သူ့ဟာသူ အကြောင်းက ကန့်သတ်လိုက်ပြီးသား။

သူကန့်သတ်တဲ့နောက် ကိုယ်ကမီအောင်လိုက်ဖို့သာ ကိုယ့်အလုပ်၊ သူ့ကို ကိုယ့်နောက် ဒရွတ်တိုက်ကြီးဆွဲဖို့က ကိုယ့်အလုပ်မဟုတ်ဘူး။

* * *

http://www.dhammadownload.com

# ပစ္စည်းကိုစွဲနေရင်

ဒါကြောင့် မြေကြီးထဲမှာ ငွေဒင်္ဂါး ကုဋေ လေးဆယ်၊ အိမ်ပေါ်မှာ ပစ္စည်းတွေ အများကြီးရှိတဲ့ မကြွယ်ဆိုတဲ့ သူဌေးကတော်လေးဟာ ကုသိုလ် တရားက တတိယအရွယ်ထိ နေဖို့ပါပဲ၊ ဒါပေမဲ့ သူ့ခန္ဓာက သူ့နောက်မလိုက်တော့ဘူးလေ၊ ပထမ အရွယ်သာသာ အရွယ်ကောင်းတုန်းမှာ ရောဂါဝေ ဒနာ ပြင်းထန်စွာနှိပ်စက်ခံရတယ်။

ဘယ်လိုဆေးကောင်းဝါးကောင်းနဲ့ တိုက် ကျွေးလို့လည်းမရ၊ ဘယ်လို ဆေးဆရာတွေနဲ့ ကုလို့လည်းမရဘူး၊ ရောဂါဝေဒနာ ကြာလေဆိုး လေနဲ့ ဆိုးပြီးတော့ လာလိုက်တာ။

http://www.dhammadownload.com



ပစ္စည်းတွေကိုသာ ငါ့ဟာ, ငါ့ဟာ, ငါ့ဟာနဲ့ စွဲပြီးတော့နေတယ်၊ မြေကြီးထဲမှာ ငါ့ငွေတွေ ကုဋေလေးဆယ်တောင်ရှိတယ်၊ ကုဋေလေးဆယ် တောင် ရှိတယ်နဲ့၊ အဲသလိုစွဲပြီးတော့၊ တကယ် ဆိုရင် အနာရောဂါဖြစ်စဉ်မှာ သတိပဋ္ဌာန်လေးက နေရာယူရမှာကို နေရာမယူနိုင်။

နေရာယူရလောက်အောင် တရားအလုပ်ကို လေ့ကျင့်ထားတာလဲမရှိ၊ သူ့စိတ်ထဲမှာ စွဲနေတာ က မြေကြီးထဲမှာ ငါ့ငွေတွေရှိတယ် ဆိုတာပဲ။

အဲသလိုစွဲပြီးနေလိုက်တာ ရောဂါဝေဒနာက သူ့အသက်ကို ဖျက်ဆီးလိုက်ပါရော၊ စုတေ ပြတ်ကြွေ ကွယ်လွန်သွားရှာတယ်၊ ပထမအရွယ် သာသာ အရွယ်ကောင်းတုန်းလေးမှာ ကွယ်လွန်ရ တယ်။

ကွယ်လွန်သွားတော့ မြေကြီးထဲမှာမြှုပ် ထားတဲ့ ငွေဒင်္ဂါးကုဋေလေးဆယ်ကို စွဲပြီးတော့ သေသွားတာဖြစ်တဲ့အတွက် ငွေဒင်္ဂါးကုဋေလေး ဆယ် မြှုပ်ထားတဲ့မြေကြီးအနီးမှာ ကြွက်မလေး သွားဖြစ်တယ်၊ ပစ္စည်းက တစ်ပြားမှမကယ်။

* * *

http://www.dhammadownload.com

## ပစ္စည်းစုထိုက်သူဖို့

အဲသလိုဆိုရင် သူက ကုသိုလ်မရ ဝမ်းမဝပေါ့၊ ဝမ်းဝအောင်ကျွေးတော့ ကျွေးပါရဲ့၊ ကုသိုလ်ကို နောက်ချည်းပို့လွှန်းတယ်။

ကုသိုလ်ကို နောက်ကိုချည်းပို့လွှန်းတော့ ခန္ဓာက သခါရဒုက္ခတရားတွေက သူ့ကို လက်ဦးအောင် ဖျက်ဆီးလိုက်တော့ ကုသိုလ်နောက်ကျသွားတယ်ပေါ့၊ (ကုသိုလ်ကို သူက နောက်အဝေးကြီးကို ပို့ထားတာကိုး)

မရဏတရားက ပထမအရွယ်သာသာလေးမှာ အစောကြီး ဖျက်ဆီးလိုက်တယ်၊ ဖျက်ဆီးလိုက်တော့ သူ့မှာ ဆုပ်ကိုင်ထားစရာတရားက ဘာမှမရှိ၊ ရောဂါနှိပ်စက်တာတောင် ဝိပဿနာရှုပြီး နှလုံးသွင်းရမယ်ဆိုတဲ့ အသိကမပေါ်။

http://www.dhammadownload.com



ရောဂါဝေဒနာ နှိပ်စက်ခံရတာတောင် မြေကြီးထဲမှာ မြှုပ်ထားတဲ့ ပစ္စည်းတွေကိုသာ စွဲပြီး နေလိုက်တာ၊ အဲဒီအစွဲနဲ့သေသွားတော့ ငွေဒင်္ဂါးတွေ မြှုပ်ထားတဲ့အနီးမှာ ကြွက်မလေးသွားဖြစ်တယ်၊ (ပစ္စည်းစုထိုက်သူဖို့)

ကျန်တဲ့ပုဂ္ဂိုလ်တွေ ဝေစားကြပါတော့လို့ ချန်ထားခဲ့သလို ဖြစ်သွားတယ်၊ သူ့အတွက်ဘာမှ အဖိုးမတန်၊ ကိုယ့်ဖို့ကျန်မယ့်တရားကို ဘာမှမစု ဖြစ်။

ဒီလိုဆိုရင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတဲ့ စကားလုံးလေးဟာ နှုတ်ကျိုးနေအောင် ပြောတဲ့ စကားဖြစ်လို့ ရိုးနေတယ် ထင်ရပေမဲ့ သေသေချာချာ စဉ်းစားလေ၊ အဖိုးတန်လေ၊ တန်ဖိုး ရှိလေဆိုတာ တွေ့တတ်တဲ့ ပုဂ္ဂိုလ်တိုင်း လေးလေး နက်နက် ရှင်းရှင်းလေး ပေါ်လာပါလိမ့်မယ်၊ ဒုက္ခတ်တိုက်ကြီးဆွဲရမယ် မဟုတ်ဘူးဆိုတာ သေချာ တယ်ပေါ့။

* * *

http://www.dhammadownload.com

# သံသရာအစရှာမရ

အဲသလိုဆို ခန္ဓာကိုယ်ကြီးကို ကုသိုလ်လည်းရ ဝမ်းလည်းဝအောင် ကျွေးရပေလိမ့်မယ်၊ မိမိတို့တတွေ ဉာဏ်နဲ့စဉ်းစားကြည့်ပါ၊ အတိတ်ဘဝများစွာ သံသရာကနေပြီးတော့၊ ဘဝများစွာ သံသရာကစပြီးတော့ ဤခန္ဓာဝန်ထုပ်ကြီး ထမ်းပြီးတော့လာခဲ့တာ ကြာလှပြီ၊ သံသရာအစကို ရှာလို့မရတော့ပါဘူး၊ အစကို မရှိတော့ပါဘူး။

ဤမျှ ရှည်လျားလှတဲ့ သံသရာတစ်လျှောက် ခန္ဓာဝန်ထမ်းပြီးတော့ လာတဲ့အခါမှာ တသမတ်တည်း ထမ်းလို့မဖြစ်။

ဘာလို့လဲဆိုတော့ စိတ်နိုင်တာနဲ့၊ စိတ်မနိုင်တာမှာ စိတ်မနိုင်တာက များများ၊ စိတ်မနိုင်တဲ့

http://www.dhammadownload.com



အခါ အောက်ကျနောက်ကျ ဖြစ်ရတယ်၊ အပါယ်ကို ရောက်ရတယ်၊ စိတ်နိုင်တဲ့အခါလေးမှာသာ အပေါ်ကိုတက်ရတယ်။

အဲသလို ခန္ဓာဝန်ထမ်းပြီး လာကြတဲ့အခါမှာ

တစ်ခါတစ်ရံမှာတော့ ပြုံးပြုံး,ပြုံးပြုံးနဲ့ပေါ့၊ တစ်ခါတစ်ရံတော့ ရှုံ့မဲ့,ရှုံ့မဲ့နဲ့ပေါ့။

- ပြုံးနိုင်တာက တစ်ခါတစ်ရံလေးပါ၊ ရှုံ့ခဲ့မဲ့ခဲ့ရတာက အများကြီး၊
- **တစ်ခါတစ်ရံတော့လည်း တဟားဟားနဲ့ ရယ်လို့ပေါ့၊ တစ်ခါတစ်ရံတော့ ချုံးချငိုလို့ပေါ့၊**
- ရယ်နိုင်တာက တစ်ခါတစ်ရံလေးပါ၊ ချုံးချငိုခဲ့ရတာက အများကြီး၊

သံသရာတစ်လျှောက်မှာ ခန္ဓာဝန်ထမ်းပြီး လာခဲ့ရတဲ့အခါ စိတ်မနိုင်တာက များများဆိုတော့ အောက်ကျနောက်ကျ ပုလောင်ရှုပ်ထွေးစွာနဲ့ လာခဲ့ရတာက ကြာလှပြီ။

* * *

http://www.dhammadownload.com

# စရိုတ်အလွန်တောင်းတဲ့ခန္ဓာ

ခန္ဓာကိုယ်ကြီးဟာ တကယ်တော့ စရိတ်တကယ်တောင်းတဲ့ ခန္ဓာပဲ၊ စရိတ်အလွန်တောင်းတာ။

စားဖို့စရိတ် တောင်းတာကတစ်မျိုး၊ ဝတ်ဖို့စရိတ် တောင်းတာကတစ်မျိုး၊ နေဖို့စရိတ် တောင်းတာကတစ်မျိုး၊သည့်ပြင် စရိတ်မျိုးစုံ ဆုံးနိုင်တယ်လို့မရှိအောင်တောင်းတဲ့ စရိတ်အလွန်တောင်းတဲ့ခန္ဓာပဲ။

အတိတ်ဘဝများစွာကို အသာထားလိုက်ပါဦး၊ ယခုပစ္စုပ္ပန်ဘဝ၊ မွေးဖွားတဲ့နေ့ကစပြီး ယနေ့ထိ ဉာဏ်နဲ့တွက်ကြည့်ပေါ့၊ ဤဘဝမှာ ဤခန္ဓာကိုယ်ကြီး ကျွေးခဲ့ရတာ စရိတ်ဘယ်လောက်ကုန်ခဲ့ပြီလဲလို့ ဉာဏ်နဲ့တွက်ကြည့်၊ အများကြီးကုန်ခဲ့ပြီ။

http://www.dhammadownload.com



ဒီဘဝမှာတောင် ခန္ဓာကိုယ်ကြီးထမ်းဆောင်ဖို့ စရိတ်တွေ မြောက်များစွာ ကုန်ခဲ့လှပြီ၊ ဒီလို ကုန်ခဲ့လှတဲ့ ဘဝခန္ဓာထမ်းဆောင်မှုစရိတ်တွေကို ဉာဏ်နဲ့ပြန်တွက်ပါ၊ ကိုယ့်ဘို့ကျန်တာ ဘယ်လောက်ရှိလို့လဲ။

ဘဝခန္ဓာကို ဒရွတ်တိုက်ကြီးဆွဲနေတဲ့ ပုဂ္ဂိုလ်တွေ၊ ပစ္စည်းဥစ္စာကို ဒရွတ်တိုက်ကြီးရှာနေတဲ့ ပုဂ္ဂိုလ်တွေ၊ ရည်ရွယ်ချက်လည်းမထား၊ လမ်းကြောင်းလည်း မဖော်၊ လုပ်ငန်း စည်းရယ် ကမ်းရယ်၊ မူရယ် ဘောင်ရယ်လို့လည်း သတ်သတ်မှတ်မှတ် ဘာမှမရှိဘဲနဲ့ ဒရွတ်တိုက်ကြီး ဆွဲသွားနေတဲ့ ပုဂ္ဂိုလ်အတွက် ဉာဏ်နဲ့တွက်ကြည့်၊ ဘဝခန္ဓာထမ်းဆောင်လာဖို့ စရိတ်တွေ၊ ကိုယ့်ဖို့ ဘယ်လောက်ကျန်သလဲ တွက်ကြည့်လိုက်တော့ အကုန်လုံးအမှိုက်ထဲကို ပါသွားတယ်။

ကိုယ့်ဖို့ တစ်ခုမှမကျန်ဘူးတဲ့၊ အားငယ်စရာသိပ်ကောင်းတာပေါ့၊ နေ့စဉ်နေ့စဉ် ကျွေးလိုက်ရတာ ဖပ်ဖပ်ကိုမောလို့၊ ကျွေးဖို့ရှာလိုက်ရတာ ဖပ်ဖပ်ကိုမောလို့၊ တစ်နေ့ကို နှစ်ထပ် အနည်းဆုံး ကျွေးရတယ်။

http://www.dhammadownload.com



ဘယ်လောက်ကျွေးကျွေး မအိုပါဘူးလို့လည်း အာမမခံ၊ မနာပါဘူးလို့လည်း တာဝန်မယူ၊ မသေပါဘူးလို့လည်း အာမမခံ။

* * *

## ဘဝခန္ဓာထမ်းဆောင်ရာမှာ

အဲသလိုဆိုတော့ ဒရွှတ်တိုက်ကြီးသာ ဆွဲသွားနေရင် ကိုယ့်ဖို့ ဘာမှမကျန်၊ အကုန်လုံး အမှိုက်ထဲပါသွားတာချည်းပဲ။

ဒရွှတ်တိုက်မဆွဲပဲ သဒ္ဓါတရားနဲ့ အသိတရားနဲ့၊ ပညာတရားနဲ့၊ မေတ္တာတရားနဲ့၊ အကန့်လေးနဲ့ ရှင်းရှင်းလေးရှာတတ်တဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့ ဘဝခန္ဓာထမ်းဆောင်မှုစရိတ် ကုန်ကျသမျှ အကုန်လုံး ကိုယ့်ဖို့ကျန်တာချည်းပဲ ဖြစ်သွားတယ်။

ဒီတော့ ယုံကြည်မှုသဒ္ဓါတရားလည်း လိုတယ်ပေါ့၊ ရှင်းရှင်းလင်းလင်း မြင်အောင်ကြည့်တတ်တဲ့ အသိပညာလည်း လိုတယ်ပေါ့၊ ပစ္စည်းကိုခွဲဝေအသုံးချတဲ့နေရာမှာ အကျိုးလိုလားတဲ့ မေတ္တာလည်း လေးလေးနက်နက်လိုတယ်ပေါ့၊ အချိန်မီ

http://www.dhammadownload.com



လေးတွေ သုံးဖို့၊ အကွက်စေ့အောင်သုံးဖို့ နေရာမှာ သတိကလည်း အရေးတကြီး လိုအပ်တယ်ပေါ့၊ အဲဒါမှ ကိုယ်ပိုင်တွေပေါ်မှာပါ။

နေ့စဉ် ခန္ဓာဝန်ထမ်းဆောင်တဲ့ အခါမှာ ကိုယ့်ဖို့ကျန်တဲ့နည်းနဲ့ပဲ ထမ်းဆောင်မှ ဖြစ်မှာပေါ့၊ အားအောင်လည်း စောင့်မနေနိုင်ဘူး၊ ဘာလို့တုန်း၊ ခန္ဓာက မအားအောင် ခိုင်းထားတာကိုး၊ အားတဲ့နေ့ရောက်မှာလည်း မဟုတ်ဘူး၊ မအားအောင် သူက ခိုင်းထားတာ။

မအားအောင်ခိုင်းထားတာဆိုတော့ ကိုယ်က (ခိုင်းတဲ့ကြားထဲက) ကိုယ့်ဖို့ကျန်မယ့် အင်အားလေးတွေရအောင် ယူကြရမှာပါ၊ အသိတရားနဲ့ အကန့်လေးနဲ့ ရှင်းရှင်းလေးပေါ့။

ဒီနေရာမှာတော့ ဒါနလေးရနိုင်တယ်၊ ဒီနေရာမှာတော့ သီလရနိုင်သား၊ အို...သရဏဂုံ တစ်ခေါက်ဆုံးသွားလဲ နည်းတာမှတ်လို့၊ ဒီနေရာမှာတော့ မေတ္တာဘာဝနာလေး တစ်ခေါက်တော့ ရနိုင်သား၊ ဒီနေရာတော့ ဝိပဿနာအသိလေးတွေ ရအောင်ယူလို့ ဖြစ်ပေသားပဲလို့ အကန့်လေးနဲ့ ရှာရမှာတဲ့၊ (ခန္ဓာထမ်းတဲ့အခါ၊ စီးပွားရှာတဲ့အခါ)

* * *

http://www.dhammadownload.com

# ကိုနောက်တိုးရဲ့ဗီရိုလို

နောက်တိုးဆိုတဲ့ လူတစ်ယောက်ရှိသတဲ့၊ ကိုနောက်တိုးမှာ ဗီရိုကြီးတစ်လုံးရှိတယ်၊ ဗီရိုအကြီးကြီးပေါ့၊ ပစ္စည်းတွေထည့်ဖို့ ဘဏ္ဍာတိုက်လုပ်တာပါ။

ဘဏ္ဍာတိုက်လုပ်ပြီးတဲ့အခါကျတော့ သူ့ဘဏ္ဍာတိုက်ထဲမှာ ပစ္စည်းတွေ ရသမျှအကုန်ထည့်တယ်၊ ဆားထုပ်ကလေး ဝယ်လာပြီးတော့လည်း ဗီရိုထဲ ထိုးထည့်ထားလိုက်တာပဲ၊ သတ်သတ်မှတ်မှတ် မထားဘူး။

ဒီနေရာတော့ စားစရာထားမှ၊ ဒီနေရာတော့ ဝတ်စရာထားမှ၊ ဒီနေရာတော့ အသုံးအဆောင်ထားမှလို့ သတ်သတ်မှတ်မှတ် မရှိဘူး။

လက်ဖက်ခြောက် ဝယ်လာပြန်တော့လည်း လက်ဖက်ခြောက်ထုပ်ကို ဒီထဲ ထိုးထည့်ထားလိုက်တာပဲ၊ ငါးပိထုတ်ကလေး ဝယ်လာတော့လည်း

http://www.dhammadownload.com



ငါးပိထုပ်ကို ဒီထဲ ထိုးထည့်လိုက်တာပဲ၊ ဖိနပ်အသစ်ကလေးဝယ်လာ၊ ဖိနပ်အသစ်ကလေး မစီးခင် ဒီဗီရိုထဲ ထိုးထည့်ထားလိုက်တာပဲ၊ ပြွတ်သပ်နေအောင် ထိုးထည့်ထားတာ၊ (သတ်သတ်မှတ်မှတ်နေရာလို့မရှိ)

ဦးထုပ်အသစ်ကလေး ဝယ်လာပြန်တော့လည်း ဦးထုပ်အသစ်ကို ဗီရိုထဲထည့်လိုက်တယ်၊ ပုဆိုးအသစ်လေး ဝယ်လာပြန်လည်း ပုဆိုးအသစ်မဝတ်ခင် အဲဒီဗီရိုထဲ ထိုးထည့်လိုက်တယ်၊ အင်္ကျီကိုလည်း ဗီရိုထဲ ထိုးထည့်လိုက်တယ်။

ဘာပစ္စည်းပဲရရ ရသမျှအကုန် ဒီဗီရိုထဲ ထိုးထည့်လိုက်တာပဲ၊ သူ့နေရာသူ သတ်သတ်မှတ်မှတ် ဘာမှမရှိ၊ အကုန်လုံး ပြွတ်သိပ်ပြီး ထိုးထည့်ထားတယ်။

စားစရာသောက်စရာလည်း စုံလို့ပဲ၊ အဝတ်အစားလည်း စုံလို့ပဲ၊ ဖိနပ်နဲ့ ဦးထုပ်ကို ရောလို့၊ ငါးပိနဲ့ သံပြာနဲ့လည်း ရောလို့၊ တစ်ခါထဲ ပြွတ်သိပ်ပြီး ထားလိုက်တာ။

* * *

http://www.dhammadownload.com

# သတ်သတ်မှတ်မှတ်ထားတာမှ မဟုတ်ဘဲ

ကိုနောက်တိုး ဖိနပ်ဟောင်းလေးပြတ်လို့ ဖိနပ်အသစ် စီးမယ်ဆိုပြီး ဗီရိုကြီးထဲ ဖိနပ်လိုက်ရှာ၊ မတွေ့တော့ဘူး၊ ဘယ်တွေ့လိမ့်မလဲ၊ သူ့နေရာသူ သတ်သတ်မှတ်မှတ်ထားတာမှ မဟုတ်ပဲ။

အဝတ်တွေ အကြိုအကြားထဲမှာ ပွတ်သိပ်ထိုးထည့်ထားတာဆိုတော့ ဟိုတစ်ဖက် ဒီတစ်ဖက်၊ အဝတ်ကြို အဝတ်ကြားထဲ ရောက်ကုန်ပြီပေါ့၊ ဗီရိုကြီးထဲ အကုန်လုံးထုတ်ပြီး ရှာရမှာလည်း သူကပျင်း။

အဲလိုဆို ရှာပြီ၊ မရ၊ မရတော့ စိတ်ဆိုးရပြီ၊ ဟုတ်ပါဘူး၊ ငါ ဗီရိုထဲ ဖိနပ်ထားပါတယ်၊

http://www.dhammadownload.com



ရှာတယ်၊ မတွေ့၊ မတွေ့တော့ စိတ်ဆိုး၊ စိတ်ဆိုးတော့ ပူ၊ စိတ်ပူလေ ရှာမရလေ၊ စိတ်ပူလေ ရှာမရလေ။

အဲဒါနဲ့ ကိုနှောက်တိုးတစ်ယောက် တစ်နေ့လုံးရှာလဲ ဖိနပ်မစီးရဘူး၊ ဘယ်တွေ့တော့မလဲ၊ သတ်သတ်မှတ်မှတ်ထားတာမှ မဟုတ်ပဲ။

ဗီရိုတစ်လုံးထဲ ထားရင်တောင်မှ ဒီနေရာတော့ စားစရာထားမယ်၊ ဒီနေရာတော့ ဝတ်စရာထားမယ်၊ ဒီနေရာတော့ အသုံးအဆောင်ထားမယ် စသည်ဖြင့် သူ့နေရာသူ သတ်သတ်မှတ်မှတ်ထားရင် လိုအပ်လို့ ရှာတဲ့အခါ တွေ့မှာပေါ့။

အခုတော့ အဲသလိုမဟုတ်ဖူး၊ ဗီရိုကြီးထဲ အကုန်ပြွတ်သိပ် ထိုးထားလိုက်တော့ လိုအပ်တဲ့အခါ ဘာမှမရ။

* * *

http://www.dhammadownload.com

# ဒရွတ်တိုက်ကြီးဆွဲရင်

အဲဒီအတိုင်းပဲ၊ ဘဝခန္ဓာ ထမ်းဆောင်တဲ့အခါ၊ ပစ္စည်းဥစ္စာရှာတဲ့အခါ နောက်တိုး ဘဏ္ဍာတိုက်ထဲ ထည့်သလိုသာ ဒရွတ်တိုက်ကြီးဆွဲ၍ပြွတ်သိပ်ကြီးသာ ရှာရမယ်ဆိုရင် တစ်ခါတစ်ရံစိတ်ညစ်စရာလေးတွေ၊ ညစ်တဲ့စိတ်ကို ဆေးဖို့တရားကို လိုက်ရှာစမ်းကြည့်တော့လည်း အစတောင်မှ ရှာလို့မတွေ့၊ မျက်နှာကြီးမှုံလို့။

စိတ်ဆေးစရာမတွေ့လို့တဲ့၊ ဘယ်တွေ့မလဲ၊ နောက်တိုး ဘဏ္ဍာတိုက်ထဲမှာ ပစ္စည်းထည့်သလိုစားဝတ်နေရေးကို ဒရွတ်တိုက်ကြီးဆွဲပြီးတော့ပြွတ်သိပ်ကြီး ထိုးထည့်တာဆိုတော့ စိတ်ညစ်စရာတွေ့လာတဲ့အခါ ညစ်တဲ့စိတ်ကလေး ဆေးစရာတရား ဘယ်နားမှ ရှာလို့မတွေ့။

တစ်ခါတစ်ရံ စိတ်ပူစရာလေးတွေ ပေါ်လာတယ်၊ ပူတဲ့စိတ်ကလေး အေးအောင်ဆိုပြီး

http://www.dhammadownload.com



တရားအစအနလေး လိုက်ရှာကြည့်တယ်၊ ဘယ်နားမှ ရှာလို့မတွေ့၊ မျက်နှာကြီးကို ပူလို့၊ ရှုံ့မဲ့လို့၊ (စိတ်ပူတာတဲ့)

ပူတဲ့စိတ်ကို အေးသွားအောင် ဆောင်ရွက်ပေးနိုင်တဲ့ တရားအစအန ဘယ်နားမှ ရှာလို့မတွေ့၊ ကိုနောက်တိုး ဘဏ္ဍာတိုက်ထဲ ပစ္စည်းထည့်သလို ပြွတ်သိပ်ပြီး ထိုးထည့်ထားတာဆိုတော့ ရှိတဲ့ ပစ္စည်းတွေကလဲ အေးအောင်ဘာမှလုပ်မပေးကြ။

တစ်ခါတစ်ရံ အန္တရာယ်တွေ တွေ့လာတဲ့အခါ အန္တရာယ်က ကာကွယ်ဖို့ဆိုပြီးတော့ တရားအင်အားလေး တွေ့လိုတွေ့ငြား လိုက်ရှာတဲ့အခါ အစအနလေးတောင်မှ ပေါ်လို့မလာ။

အဲသလို စသည်ဖြင့်ပေါ့၊ သုံးစရာ တရားအမျိုးမျိုးရှာတဲ့အခါ ဘယ်တရားမှ ရှာလို့မတွေ့၊ စားဝတ် နေရေးကို ဒရွတ်တိုက်ကြီး ဆွဲနေကြတာ။

ပစ္စည်းရှာတော့လည်း ဒရွတ်တိုက်ကြီးရှာတယ်၊ ခန္ဓာကို ကျွေးပြန်တော့လည်း ဒရွတ်တိုက်ကြီး ဆွဲပြီးတော့ ကျွေးနေတယ်ဆိုရင် အားကိုးစရာတရား(ကိုယ့်ကိုရှင်းပေးနိုင်တဲ့တရား)ဘယ်ရတော့မလဲ။

* * *

http://www.dhammadownload.com

## ပစ္စုပ္ပန်မှာချမ်းသာဖို့

ချမ်းသာဆိုတာကလည်းပဲ နောက်ဘဝ ချမ်းသာဖို့ဆိုတာထက် လောလောဆယ် ပစ္စုပ္ပန်မှာ ချမ်းသာအောင်နေတတ်ဖို့က ပိုလို့အရေးကြီးကာ၊ မနက်ဖြန်ချမ်းသာဖို့ထက် ယနေ့မှာ လောလော ဆယ် တွေ့အမျှနဲ့ အဆင်ပြေ ငြိမ်းချမ်းအောင်၊ ချမ်းသာအောင် နေတတ်ဖို့က အရေးကြီးတာ။

နောက်ဘဝချမ်းသာဖို့ ဆိုတာထက် လော လောဆယ် တရားတဲ့နည်းလမ်းနဲ့၊ တရားအသိ လေးနဲ့ ငြိမ်းချမ်းအောင်၊ ချမ်းသာအောင်နေတတ် ဖို့က ပိုအရေးကြီးတာ။

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ရင် ချမ်းသာမှာ သေချာသော်လည်း နိဗ္ဗာန်မရောက်ခင် ခန္ဓာဝန်ထမ်းပြီး သွားတဲ့အခါမှာ တရားအသိလေးနဲ့ ငြိမ်းချမ်းစွာ အေးအေးကြည်ကြည်လင်လင် ထမ်းသွားနိုင်ဖို့က ပိုအရေးကြီးတာ။

တရားရဲ့သဘောက . . .

- မနက်ဖြန်ထက် ဒီနေ့ ပိုအရေးကြီးတယ်၊
- နောက်ဘဝထက် ယခုဘဝ ပိုအရေးကြီးတယ်၊
- သံသရာခရီးကို သွားရမှာထက် ယခုလောလောဆယ်သွားနေတုန်း ပစ္စုပ္ပန်က ပိုအရေးကြီးတယ်။

* * *

http://www.dhammadownload.com

•

# ကုသိုလ်ရအောင်ယူတတ်ဖို့

ဒါကြောင့် ကိုနောက်တိုးဘဏ္ဍာတိုက်ထဲ ပစ္စည်းတွေပြွတ်သိပ် ထိုးထည့်သလို မထိုးထည့်ဘဲ သတိလေးနဲ့၊ ပညာလေးနဲ့၊ သဒ္ဓါလေးနဲ့၊ မေတ္တာလေးနဲ့ပေါ့၊ (ရှင်းရှင်းလေး)

ရှာရမယ့်အတူ ငါ ကုသိုလ်ရအောင်ရှာမယ်၊ ခန္ဓာကိုယ်ကြီး ကျွေးရမယ့်အတူတူ ကုသိုလ်ရအောင် ငါကျွေးမယ်၊ မိသားစုတာဝန် ထမ်းရမယ့်အတူတူ ပူပူလောင်လောင် ရှုပ်ရှုပ်ထွေးထွေး ငါ မထမ်းဘူး။

ဒါနဝတ်ကလေးနဲ့ ထမ်းမယ်၊ သီလဝတ်ကလေးနဲ့ ထမ်းမယ်၊ မေတ္တာဘာဝနာစွမ်းအား

http://www.dhammadownload.com



လေးနဲ့ ထမ်းမယ်၊ ဝိပဿနာအသိလေးနဲ့ ထမ်းမယ်၊ မိသားစုတာဝန် ထမ်းတာတောင် သူ့မှာ ဝတ်ကလေးတွေနဲ့ ထမ်းတယ်၊ ပြွတ်သိပ်ပြီးတော့ မသွားဘူး၊ အကန့်လေးတွေနဲ့ သွားတယ်၊ ဒီနေရာတော့ ဒါနရနိုင်တယ်၊ ဒါနယူထားလိုက်မှ စသည်ဖြင့် ရှင်းရှင်းလေးသွားတယ်ပေါ့။

အဲသလိုဆိုရင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတာ စီးပွားရေးအလုပ် လုပ်ရင်းနဲ့၊ အိမ်အလုပ်လုပ်ရင်းနဲ့၊ ခန္ဓာဝန်ထမ်းဆောင်ရင်းနဲ့ မကင်းနိုင်တဲ့ လူမှုရေးကိစ္စတွေ ဆောင်ရွက်ရင်းနဲ့ တစ်ခါတည်းပါသွားအောင် ယူရမှာ၊ ယူတတ်သူအတွက် ကုသိုလ်ချည်းပါပဲ။

* * *

http://www.dhammadownload.com

# အချိန်တိုင်းအဖိုးတန်တယ်

ဆိုကြပါစို့၊ အသိရှိတဲ့ပုဂ္ဂိုလ်က စဉ်းစား လာတယ်...။

"အင်း...ငါဟာ အတိတ်ဘဝများစွာက ခန္ဓာဒုက္ခတ်တိုက်ကြီး ဆွဲခဲ့ပြီလေ၊ ဒီဘဝမှာလဲ တရားအသိမရှိခင်က ဒုက္ခတ်တိုက်ကြီး ဆွဲခဲ့ပြီ၊ ငါ အခုအသိလေးပေါ်လာပြီပဲ၊ အသိပေါ်တုန်းလေး အလုပ်ဆိုတာ လုပ်မှဖြစ်မယ်လေ၊ ငါ ဒုက္ခတ်တိုက် ကြီးဆွဲဖို့ မတော်ပေဘူး။

ပြီးတော့မှ သာသနာတွေ့တဲ့အခါကာလ ကလဲ ပုညခေတ်ကြီးဆိုတော့ အချိန်တိုင်း အချိန် တိုင်း အဖိုးတန်တယ်၊ တစ်စက္ကန့်လေး အချိန်

http://www.dhammadownload.com



ဖြုန်းပစ်ရမှာတောင်မှ နှမြောစရာကောင်းတယ်၊ ဒါကြောင့် တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားမှ ငါ တော်ကာကျပေလိမ့်မယ်။

တတိယအရွယ်ကျမှ ကုသိုလ်လုပ်မယ်လို့ မရေမရာနဲ့ အချိန်ဖြုန်းပြီးနေဖို့ မတော်တော့ဘူး၊ ငါသာ ဘာဖြစ်စမ်းပါစေဟယ်၊ ဘယ်ကုသိုလ်လုပ်လိုက်မယ်လို့ မရေရာတဲ့အနာဂတ်ကို တွေးပြီး စိတ်ကူးယဉ်နေမဲ့အစား သေချာတဲ့ ပစ္စုပ္ပန်လေး လက်မလွှတ်သေးခင် ငြိမ်းချမ်းအောင်၊ ကုသိုလ်အမြတ်ရအောင် ဖော်ထုတ်ဖို့က အရေးကြီးတယ်။

ထိသာပေါက်စမ်းပါစေ၊ အလှူဒါနကြီးလုပ်လိုက်မယ်လို့ မရေရာတဲ့ အနာဂတ်ကိုတွေးပြီး စိတ်ကူးယဉ်နေမယ့်အစား သေချာတဲ့ ပစ္စုပ္ပန်မှာ ဖြစ်လာသမျှ အခြေအနေလေးနဲ့၊ ပေးလာတဲ့ အခြေအနေလေးနဲ့ ကုသိုလ်ရအောင်ယူတတ်ဖို့သာ အရေးကြီးတယ်လို့ အမြင်လေး ရှင်းလာပါတယ်။

* * *

http://www.dhammadownload.com

# တစ်ရက်ကို တစ်သက်လောက်

အဲဒါကြောင့် တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားလို့ တစ်ခါတစ်ရံများ ယခုလိုညပိုင်း ရောက်တော့ ရက်ချုပ်ချုပ်စမ်းကြည့်ပါတယ်။

"ဟောဒီတစ်ရက်ဟာ ငါ့အတွက် တစ်ဘဝပဲလေ၊ မနက်အပ်ရာထကစပြီး အိပ်ရာဝင်ခါနီးထိ ငါ့ကို အိုမှု၊ နာမှု၊ သေမှု ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်သွားစေနိုင်တဲ့ သံသရာဆင်းရဲတိုပြီးသွားစေနိုင်တဲ့ အငိုလည်းတိတ်၊ အကြောက်လည်းပြေ၊ အပူလည်းငြိမ်းစေနိုင်တဲ့ ကိုယ်ပိုင်အင်အားတွေ ဒီနေ့ ဘယ်လောက်များ ရလိုက်သလည်း"လို့ပြန်ပြီး တွေးကြည့်လိုက်တော့ ကိုနောက်တိုးဘဏ္ဍာတိုက်

http://www.dhammadownload.com



ထဲ ပစ္စည်းတွေ ပြွတ်သိပ်ထိုးထည့်သလိုပဲ ဒရွတ်တိုက်ကြီး ဆွဲလာခဲ့တာတွေ့တော့-

"ဟယ်...ဒီနေ့တစ်နေ့ ငါအသက်ရှင်ရတာ ဘာမှ အဓိပ္ပာယ်မရှိပါလား၊ ခန္ဓာကိုယ်ကြီး ကျွေးရတာတော့ (၂)ထပ်ကျော်တယ်၊ ပေးလိုက်ရတဲ့ ဝတ်စရာတွေ၊ ပေးလိုက်ရတဲ့ စားစရာတွေ၊ ပေးလိုက်ရတဲ့ အသုံးအဆောင်တွေ စုံလို့ပဲ၊ ဘာမှ ကိုယ့်ဘက်က ရပ်တည်မယ့်အင်အား မရပါလား၊ ဒီနေ့ ငါအသက်ရှင်ရတာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ဒီလိုဆိုတော့ နောက်နေ့ အဓိပ္ပာယ်ရှိအောင် ငါလုပ်ရလိမ့်မယ်၊ ပြီးပြီးသား ပြီးပါစေတော့။

လောကမှာ ပစ္စုပ္ပန်အချိန်သည် အဖိုးအတန်ဆုံးပါ၊ ပစ္စုပ္ပန် အရေးအကြီးဆုံးပါ။

* * *

http://www.dhammadownload.com

# ခန္ဓာဝန်ထမ်းရကျိုးနပ်အောင်

မနက်အိပ်ရာက ထလာပြီးတော့ အသိလေး ရှေ့ကနေပြီ၊ ကုသိုလ်လည်းရ၊ ဝမ်းလဲဝတဲ့ လမ်းစဉ်နဲ့ သူသွားတော့မှာ၊ ဒရွတ်တိုက် မဆွဲတော့ဘူး၊ ခန္ဓာဝန်ထမ်းရကျိုးနပ်အောင် ရှင်းရှင်းလေးပဲ သူသွားတော့မယ်။

အိပ်ရာထလာပြီဆိုရင် မျက်နှာသစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဘုရားရှေ့ သူရောက်သွားပြီ၊ ဘုရားရှိခိုးနေပြီ၊ငါးပါးသီလဆောက်တည်နေပြီ၊သရဏဂုံဆောက်တည်လို့၊ မေတ္တာတွေပို့လို့၊ ဘုရားရေကပ်လို့၊ ပန်းကပ်လို့၊ ပရိတ်တွေရွတ်လို့၊ တချို့များ

http://www.dhammadownload.com



နာရီဝက်၊ တချို့များ တစ်နာရီလောက် တရားထိုင် လိုက်သေး။

"အင်း...စားဝတ်နေရေးဟာ တစ်သံသရာ လုံး ငါလုပ်လာခဲ့တာလေ၊ ဒီဘဝလည်း ကြာလှပါ ပြီကော၊ မပြီးနိုင်တဲ့အလုပ်ကို ဒရွတ်တိုက်အလျား လိုက်ကြီး ဆွဲပြီးသွားမဲ့နေရာမှာ ပြီးနိုင်မယ့်ကိုယ်ကို အပူငြိမ်းစေတဲ့ တရားစွမ်းအားလေးကိုသာ ဖြစ်တဲ့ နေရာကစပြီး လုပ်မှ ငါတာဝန် ကျေလိမ့်မယ်"

အဲသလို အသိလေးပေါ်လို့ ဘုရားရှေ့သွား ဘုရားရှိခိုးလို့၊ သရဏဂုံဆောက်တည်လို့၊ ငါးပါး သီလ ဆောက်တည်လို့၊ ဘုရားဂုဏ်တော်တွေ ပွားလို့၊ မေတ္တာတွေပို့လို့၊ ဘုရားရေကပ်၊ ပန်းကပ်၊ ဆီမီးကပ်၊ ကုသိုလ်အလုပ်လေးတွေလုပ်လို့၊ အမျှ အတမ်း ပေးဝေလို့၊ ပြီးသွားတာနဲ့ ခန္ဓာကိုယ် ဘယ်လိုပေါ့သွားမှန်းမသိဘူး၊ စိတ်တွေကို ဘယ်လို အားတက်နေမှန်း မသိဘူး၊ စိတ်ကလေးကို ချေး ချွတ်ဆေးကြောလိုက်တာ၊ စိတ်ကလေးကို လျှော် ဖွတ်လိုက်တာ။

* * *

http://www.dhammadownload.com

## ခန္ဓာထားစရာ၊ ခန္ဓာကျွေးစရာ

ခန္ဓာဆိုတာ ထားစရာ (၂)မျိုးရှိတယ်။ ရုပ် ထားစရာက တစ်မျိုး၊ စိတ်ထားစရာက တစ်မျိုး။

ထို့အတူ ခန္ဓာမှာ ကျွေးစရာကလည်း ရုပ်ကျွေးစရာ အစာကတစ်မျိုး၊ စိတ်ကျွေးစရာ အစာကတစ်မျိုး။

မနက်အိပ်ရာထလာရင် ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံ ယူကြတယ်ဆိုတာ စိတ်ကလေးကို နေရာပေးတာ။

မနက်အိပ်ရာထတဲ့အခါ ဘုရားရှိခိုးတယ်၊ သရဏဂုံဆောက်တည်တယ်၊ သီလဆောက်တည်

http://www.dhammadownload.com



တယ်၊ မေတ္တာပွားတယ်၊ တရားအလုပ် လုပ်တယ် ဆိုတာ စိတ်ကလေးကို အစာဝအောင်ကျွေးတာ။

ရုပ်ခန္ဓာကို ထားစရာဆိုတာက နေအိမ် တိုက်တာ၊ မော်တော်ကား စသည်ဖြင့်ပေါ့၊ ရုပ်ထား စရာနေရာ ဘယ်လောက်ပဲ ပြည့်စုံအောင်ရှိပေမယ့် စိတ်ထားစရာ နေရာအမရှိရင် ရှိသမျှ ဒုက္ခချည်းပဲ၊ ရှိသမျှ ပြဿနာချည်းပဲ၊ ရှိသမျှ အပူချည်းပဲ၊ ဘယ်ဟာမှ လုံခြုံမှုမရှိဘဲ အမြဲတမ်း ပူနေရပါ လိမ့်မယ်။

စိတ်အစာမကျွေးရင်တော့ ရုပ်အစာဘယ် လောက်ပဲဝဝ အပူမငြိမ်းပါဘူး၊ အကြောင်းမပြေ ပါဘူး၊ အငိုမတိတ်ပါဘူး၊ ပြဿနာရှင်းပြီးမှာလည်း မဟုတ်ပါဘူး။

* * *

http://www.dhammadownload.com

## စိတ်ကို အစာဝအောင်ကျွေးမှု

ဒါကြောင့် တရားအသိရှိတဲ့ ပုဂ္ဂိုလ်က စဉ်းစားတယ်၊ စိတ်ကလေးလည်း အစာဝအောင် ကျွေးမှလို့။

အဲသလို စဉ်းစားပြီးတဲ့နောက် မနက်အိပ်ရာထ ဘုရားရှိခိုးတဲ့ အခိပ္ပာယ် သူနားလည်သွားပြီပေါ့၊ စိတ်ကို အရင်နေရာပေးရမှာကို၊ စိတ်ကလေးကို အစာဝအောင် ကျွေးရမှာကို။

မနက်အိပ်ရာထတော့ ဆာတယ်၊ ကော်ဖီလေးတစ်ခွက် သောက်ဦးမှလို့ စဉ်းစားကြသလိုပေါ့။

http://www.dhammadownload.com



"ဟယ်...ရုပ်ခန္ဓာနောက်မှ ကျွေးမယ်၊ စိတ်ကလေး အစာဝအောင် ငါ မေတ္တာဘာဝနာလေး တစ်ခေါက်၊ မေတ္တာလေးတစ်ခွက်လောက် သောက်လိုက်ဦးမှ၊ ဘုရားဂုဏ်တော်လေး တစ်ခေါက် ငါ သောက်လိုက်ဦးမှ"

စသည်ဖြင့် အဲသလိုပြောလို့ ဖြစ်တယ်ပေါ့။

မနက်အိပ်ရာထလာတာနဲ့ ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံနဲ့ သူ အဲသလိုနေလာတယ်၊ ပြီးသွားတာနဲ့ စိတ်ကိုပေါ့လို့၊ ခန္ဓာကို ရှင်းလို့။

ဟော... စားဝတ်နေရေးအလုပ်ကလည်း စပြီ၊ အိမ်မှာ ရှိတဲ့လူတွေကလည်း ချက်ဖို့ပြုတ်ဖို့ စီမံရပြီပေါ့၊ စီးပွားရှာမဲ့ ပုဂ္ဂိုလ်ကလည်း စီးပွားရှာတဲ့နေရာ ရောင်းဖို့ဝယ်ဖို့ သူနေရာသွားရပြီပေါ့။

ခန္ဓာဝန်ထမ်းဖို့အတွက် သူစလာပြီဆိုကတည်းက အသိလေးက မနက်က ဘုရားအာရုံ၊ တရားအာရုံတွေကို စိတ်ထားစရာနေရာနဲ့ စိတ်အစာလေး ကျွေးထားတာဆိုတော့ အမြင်လေးရှင်းနေတယ်။

* * *

http://www.dhammadownload.com

# ကုသိုလ်တွေဖြစ်လို့

မနက်ပိုင်း ချက်ဖို့ပြုတ်ဖို့ ဆန်၊ ဟင်းသီးဟင်းရွက် စသည် ဝယ်ဖို့ခြမ်းဖို့ စိမ်ကထဲက သူ့စိတ်လေး တစ်မျိုးဖြစ်လာတယ်။

ဒီနေ့ မနက်ပိုင်း ငါ့မိသားစုတွေကို အလှူဒါနကြီးလုပ်ရမယ်၊ (ဒါနဖြစ်လာတယ်) ဒါနဆိုတာ ဘုရားကျောင်းကန်သွားလုပ်မှ ရတာမဟုတ်၊ စိတ်ကောင်းထားရင် အိမ်ထဲ နေ့တိုင်းလုပ်လို့ရတယ်။

ဒါကြောင့် စောစောကပြောတာက ကုသိုလ်လုပ်ဖို့ နေ့တိုင်းထိုင်နေတာ၊ ကုသိုလ်ဟာ ယူတတ်ဖို့ပဲ အရေးကြီးတယ်။

ငါ့မိသားစုတွေကို အလှူဒါနကြီး လုပ်ရတော့မယ်၊ မနက်ပိုင်း ဘုရားဆွမ်းတော် ကပ်ရမှာပေါ့၊

http://www.dhammadownload.com



ဆွေမျိုးမိတ်ဆွေ စသည့် ပုဂ္ဂိုလ်တွေကို ကြုံရင်လည်း အလှူဒါန လုပ်ရမှာပေါ့၊ ပုဗ္ဗစေတနာ လေးတွေ ဝင်လာပြီ၊ စိတ်ကလေးကို ရှင်းလို့၊ ပေါ့လို့၊ ဒရွတ်တိုက်ကြီး မရှိပါဘူး။

ခန္ဓာဝန်ထမ်းရမယ့် အတူတူတော့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတဲ့ ပုံစံနဲ့ ငါသွားတော့မယ်ဆိုတဲ့ စိတ်ကလေးနဲ့ သွားတယ်။

အဲဒါနဲ့ ဆန်၊ ဟင်းသီးဟင်းရွက် စသည်ကို မရှိသေးတာရှိအောင် ဝယ်ရမဲ့အပိုင်းမှာလည်း ပုဗ္ဗစေတနာဝင်လာပြီ၊ ချက်ဖို့ပြုတ်ဖို့ စီမံကထက စပြီး အလှူဒါနလုပ်မယ်ဆိုတဲ့ စိတ်ကလေးတွေနဲ့ လုပ်နေတော့ ကုသိုလ်တွေဖြစ်လို့ပေါ့။

* * *

http://www.dhammadownload.com

# မေတ္တာရှေ့သွားနေတယ်

မနက်အိပ်ရာ ထကတည်းက ငါးပါးသီလ ဆောက်တည်ပြီးသား၊ မိသားစုတာဝန်ထမ်းဆောင်တဲ့ ကိစ္စကလဲ ဝတ္တရားဖြစ်တော့ ကျင့်ဝတ်သီလပါပဲ။

တစ်ခါ အသိတရားလေးက မေတ္တာရှေ့သွားနေတယ်၊ ဤပစ္စည်းကို သုံးဆောင်ကြမယ့် မိသားစုတွေ ချမ်းသာကြပါစေ၊ ဤစားဖွယ်သောက်ဖွယ်တွေကို စားသုံးကြမယ့် မိသားစုနဲ့တကွ ဆွေမျိုးမိတ်သင်္ဂဟတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(မေတ္တာလေးက ရှေ့က၊ မေတ္တာဘာဝနာပါနေတယ်)

တစ်ခါ သည့်ထက်အဆင့်မြင့်တဲ့ အသိရှိတဲ့ ဝိပဿနာရှိတဲ့ ပုဂ္ဂိုလ်က ဝိပဿနာအသိလေးတွေ

http://www.dhammadownload.com



ဝင်လာတယ်၊ ဆန်ကနေ ထမင်းဖြစ်သွားပုံ၊ ထမင်းစားသုံးလိုက်တဲ့အခါမှာ အဆင့်ဆင့်ကုန်သွားလို့ သိတတ်တာလေးနဲ့ သိစရာလေးတွေ ရှင်းရှင်းလေး ဒီလိုထားတယ်။

ဟင်းသီးဟင်းရွက်ကနေ ဓားနဲ့ခွဲစိတ်လိုက်တော့ ပုံပျက်သွားပုံလေးတွေ၊ အဲဒီကနေ ဟင်းအိုးထဲရောက်၊ မီးဖိုပေါ်တင်ချက်လိုက်တော့ ဟင်းဖြစ်သွားပုံလေးတွေ၊ ဟင်းဖြစ်တဲ့အခါ တစ်မျိုးပြောင်းပြီး ကုန်သွားကြပုံလေးတွေ၊ သိတက်တဲ့စိတ်ကလေးနဲ့ အသိဉာဏ်လေးနဲ့ သိစရာအာရုံလေး၊ ဉာဏ်လေးနဲ့၊ သတိလေးနဲ့ သွားနေလိုက်တာ၊ သူ့ရဲ့လုပ်ငန်းစဉ်လေးဟာ ဘေးကကြည့်ရင် သာမန်လို့ထင်မှာပေါ့။

သူလည်း ထမင်းချက်နေတာပဲ၊ သူများအိမ်တွေလည်း ထမင်းချက်နေတာပဲ၊ ဘာဆန်းတာမှတ်လို့ပေါ့။

သူလည်း ဟင်းချက်နေတာပဲ၊ သူများအိမ်တွေလည်း ဟင်းချက်နေတာပဲ၊ ဘာဆန်းတာမှတ်လို့ပေါ့၊ (အဲသလိုမြင်မှာပဲ)

http://www.dhammadownload.com



အတွင်းက တရားအသိနဲ့ ကြည့်လိုက်ကာမှ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတာ ဒီလိုလူမျိုးကို ပြောတာပါပဲလား၊ ထမင်းချက်တယ်ဆိုရင် ထမင်း တစ်လုံးကျက်တော့ ဒါနထမင်းအိုးကြီး ဖြစ်သွား တယ်၊ ဟင်းတစ်လုံးကျက်သွားတော့ ဒါနဟင်းအိုး ကြီး ဖြစ်သွားတယ် စသည်ဖြင့်ပေါ့။

- ဒါနထမင်းအိုး၊ ဒါနဟင်းအိုးကြီး ဖြစ် သွားတယ်၊
- သီလထမင်းအိုး၊ သီလဟင်းအိုးကြီး ဖြစ်သွားတယ်၊
- မေတ္တာဘာဝနာထမင်းအိုး၊ မေတ္တာ ဘာဝနာဟင်းအိုးကြီး ဖြစ်သွားတယ်၊
- ဝိပဿနာထမင်းအိုး၊ ဝိပဿနာဟင်း အိုးကြီး ဖြစ်သွားတယ်။

တယ်အားရစရာကောင်း၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ လက်စသပ်တော့ အချိန် မတောင်းပဲကိုး။

ပိုက်ဆံတောင်းတာမဟုတ်ဖူး၊ အသိပဲ တောင်းတာပါလို့ အားရစရာတွေ့ရမှာပေါ့၊ အဲဒါနဲ့

http://www.dhammadownload.com



နေ့ဝင်သွား၊ ယခုလို ညပိုင်းလေးရောက်တော့ ရက်ချုပ်လေး ချုပ်စမ်းကြည့်တယ်။

"ဟယ်...ဒီနေ့ ငါလူဖြစ်ရတာလူဖြစ်ရကျိုး နပ်လိုက်တာ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ ဒီလိုဘဝမျိုး ပြောတာပဲ၊ ထမင်းစားရင်းနဲ့ ငါ့မှာ ဒါနသီလ ဘာဝနာတွေဖြစ်လို့၊ ဈေးရောင်း ရင်းနဲ့ ဒါနသီလဘာဝနာတွေဖြစ်လို့၊ သာသနာ တွင်း လူဖြစ်ရတာ တယ်မြတ်ပါလား"

* * *

http://www.dhammadownload.com

# သာသနာတွင်းလူဖြစ်ရတာ

သာသနာတွင်း လူဖြစ်ရတာ ကိလေသာဖြစ်တာတောင်မှ အမြတ်ထွက်တယ်၊ ပုထုဇဉ်ဆိုတာ ကိလေသာနဲ့ ဘယ်ကင်းနိုင်မလဲ၊ အဲဒီဖြစ်တဲ့ ကိလေသာကို သိဖို့ပဲ အရေးကြီးတယ်။

သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတဲ့အတိုင်းပေါ့၊ ရာဂဖြစ်ရင် ဖြစ်တယ်လို့သိတယ်၊ ဒေါသဖြစ်ရင် ဖြစ်တယ်လို့သိတယ်၊ (၁၀)ချက်ဖြစ်ရင် (၅)ချက်နဲ့မိသွား၊ တစ်ဝက်သက်သာ နည်းတာမှတ်လို့။

(၅) ချက်ဖြစ်ရမှာ (၂)ချက်လောက်နဲ့ရပ်သွား၊ သက်သာသွား နည်းတာမှတ်လို့၊ တစ်ခါတစ်ရံ (၁)ချက်တည်းနဲ့ရပ်သွား မနည်းဘူး၊ ကိလေ

http://www.dhammadownload.com



သာဖြစ်သွားတာတောင် ဘာဝနာအခြေခံတွေ ဖြစ်သွားတာ။

အဲသလိုဆိုရင် တစ်နေ့တာ ရက်ချုပ်လိုက်တော့ ဒီနေ့တစ်ရက်ဟာ တစ်သက်လောက် တန်ဖိုးရှိပါလား၊ တယ်ဟုတ်ပါလား၊ ကုသိုလ် လည်းရ၊ ဝမ်းလည်းဝ။

ဒီကုသိုလ်တွေဟာ အလကား ဖြစ်သွားမှာမှ မဟုတ်ပဲ၊ ကိုယ့်ကိုပြန်ပြီး ကျေးဇူးပြုကြဦးမှာ၊ အကျိုးပေးကြဦးမှာ၊ အဆင့်မြင့်အောင် မြှင့်တင်ပေးကြဦးမှာ။

အဲသလိုဆိုရင် ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝဆိုတာ ဘာခက်လို့လဲ၊ သာသနာတွင်း လူဖြစ်ရတာများ ဘာပဲလုပ်လုပ် လုပ်သမျှဟာ ကောင်းမှု ကုသိုလ်တရားတွေချည်းပါပဲ။

* * *

http://www.dhammadownload.com

# စွမ်းအားတွေပေါ်အောင်

ဒါကြောင့် နေ့စဉ် နေ့စဉ် စွမ်းအားတွေပေါ်အောင် ရအောင်ယူကြရမှာပေါ့၊ စိတ်ထားစရာ၊ ရုပ်ထားစရာ၊ စိတ်ကျွေးစရာ၊ ရုပ်ကျွေးစရာတို့ကို သိရှိပြီး စိတ်ကို အစာဝအောင် နေ့တိုင်းကျွေးမှ တော်ပေလိမ့်မယ်။

စိတ်ကလေးအတွက် နေ့စဉ်နေ့စဉ် ထားစရာ တရားအာရုံလေးတွေ ရအောင်ယူရပေလိမ့်မယ်၊ အားအောင်စောင့်ဖို့ မလိုဘူး၊ စောင့်ရမှာလည်း မဟုတ်ဘူး။

*** ရုပ်၏နေရာ၊ စိတ်နေရာ၊ နေရာ(၂)မျိုးရှိ၊**

ဤခန္ဓာကိုယ်မှာ ရုပ်ထားစရာ နေရာက တစ်မျိုး၊ စိတ်ထားစရာ နေရာကတစ်မျိုးလို့ (၂)မျိုးရှိတယ်။

http://www.dhammadownload.com



*** ရုပ်၏နေရာ၊ ရှိရုံသာ၊ စိတ်မှာအားမရှိ၊**

ဘယ်လောက်ကောင်းတဲ့ တိုက်တာကြီးတွေနဲ့ နေရနေရ၊ ဘယ်လောက်အဆင့်မြင့်တဲ့ နေရာကောင်းမှာ နေရနေရ၊ စိတ်ထားစရာနေရာ မရှိရင်တော့ ကြောက်နေရ ပူနေရမှာပါ။

ရွှေပုံကြီးပေါ်မှာ၊ ငွေပုံကြီးပေါ်မှာ ထိုင်ပြီးတော့ ငိုနေရမှာ၊ ကြောက်နေရမှာ၊ ပူနေရမှာ၊ ရန်ဖြစ်နေရမှာ။

*** စိတ်၏နေရာ၊ ရှိမှသာ၊ ကောင်းစွာလုံခြုံ၏၊**

ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံဆိုတဲ့ စိတ်နေရာလေးတွေ၊ ပဓာနအားဖြင့် သတိပဋ္ဌာန်အာရုံဆိုတဲ့ နေရာကောင်းလေးတွေ ရှိသွားတဲ့ ပုဂ္ဂိုလ်တော့ ကောင်းစွာလုံခြုံတယ်။

ပစ္စုပ္ပန်မှာလည်း တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင်၊ ငြိမ်းချမ်းအောင်၊ စွမ်းအားတက်အောင် နေတတ်တယ်၊ ဘဝကူးသူ့အတွက် ဘာမှပူစရာမလို၊ သံသရာကူးသူ့အတွက် ဘာမှပူစရာမလို၊ နိဗ္ဗာန်ကူးအတွက် သူ့မှာ ဘာမှပူစရာမလို၊ သူ့ရဲ့ စားဝတ်နေရေးသည် ကုသိုလ်နဲ့ တစ်သားတည်း ပေါင်းထားတာ။

http://www.dhammadownload.com



အိမ်အလုပ်ရှုပ်နေတာနဲ့ ကုသိုလ်မရဘူး ညည်းစရာတစ်ကွက်မှ သူ့မှာမရှိဘူး၊ ကုသိုလ်ကို နေ့တိုင်း ထိုင်ထုပ်နေတာ၊ ကုသိုလ်ကို ရတဲ့နည်းနဲ့ လိမ်မာပါးနပ်စွာ ယူတတ်တယ်။

*** အသိပညာ၊ ရှိမှသာ၊ နေရာပြည့်စုံ၏၊**

အသိတရားရှိမှ နေရာပြည့်စုံစွာ ယူတတ်တယ်၊ နေရာဆိုတာ တရားနေရာလည်း ရအောင် ယူ တတ်တယ်၊ ထို့အတူ အစာကျတော့လည်း

*** ရုပ်၏အစာ၊ စိတ်အစာ၊ အစာနှစ်မျိုးရှိ၊**

ရုပ်ကျွေးစရာ အစာရယ်၊ စိတ်ကျွေးစရာ အစာရယ်လို့ (၂)မျိုးရှိတယ်။

*** ရုပ်၏အစာ၊ ကျွေးရုံသာ၊ စိတ်မှာအားမရှိ၊**

ကောင်းပေ့ဆိုတဲ့ အစာတွေ ဝအောင်ကျွေး ထားပေမယ့် စိတ်အစာဝအောင် မကျွေးရင်တော့ ပူမှာပဲ၊ ကြောက်ရမှာပဲ၊ အန္တရာယ်တွေ ဝိုင်းနေကြမှာပဲ။

*** စိတ်၏အစာ၊ ကျွေးမှသာ၊ ကောင်းစွာစွမ်းအား ပြည့်၊**

http://www.dhammadownload.com



စိတ်အစာကျွေးမှသာ စွမ်းအားပြည့်မယ်၊ ဒီစိတ်အစာဟာ အလကား ဖြစ်မသွားဘူးလေ၊ ကိုယ့်စီးပွားရေးကို ပြန်အကျိုးပြုမှာ၊ ဘဝခန္ဓာ ထမ်းဆောင်ရေးကို ပြန်ကျေးဇူးပြုမှာ၊ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ စီးပွားရေးရဲ့ ဖိုခနောက်ဆိုင်သုံးလုံးမှာ ကံဆိုတဲ့ ဖိုခနောက်လည်းဖြစ်တယ်။

ကံဆိုတဲ့ဖိုခနောက် ညံ့နေရင်လည်း စီးပွားရှာရတာ အဆင်မပြေတတ်ဘူး၊ သူဟာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ လမ်းစဉ်နဲ့ သွားနေတာဆိုတော့ နေ့တိုင်း ကုသိုလ်တိုးနေတာ။

အခုလို စုပေါင်းပြီး အလှူဒါနလုပ်ကြတယ်ဆိုတာလည်း ဒီသဘောပေါ့၊ ကုသိုလ်တရားနဲ့ မြှင့်တင်ပေးကြတာ။

ကိုယ့်ကိုယ်ကိုလည်း မြှင့်တင်ရာရောက်၊ သာသနာကိုလည်း မြှင့်တက်ရာရောက်၊ ကိုယ့်ရဲ့ စီးပွားဥစ္စာကိုလည်း မြှင့်တင်ရာရောက်၊ အကုန်လုံး အမြတ်တွေချည်းပါ။

* အသိပညာ၊ ရှိမှသာ၊ အစာပြည့်စုံ၏၊

ဒီတော့ သာသနာတွင်းလူဖြစ်တဲ့ပုဂ္ဂိုလ်များ၊ အားပါတရားရှိသူများဟာ စိတ်အစာလည်း လိုတယ်

http://www.dhammadownload.com



လေ၊ ဒါကြောင့် မနက်အိပ်ရာထ ဘုရားရှိခိုးတဲ့ အမိပ္ပာယ်ကို နားလည်သွားပြီ။

အနှစ်သာရသဘောတွေ ဉာဏ်နဲ့မြင်အောင် ကြည့်တတ်ပြီး ညအိပ်ရာဝင်ခါနီးမှာ ဘုရားရှိခိုးတဲ့ အမိပ္ပာယ်တွေ၊ မေတ္တာပို့တဲ့ အမိပ္ပာယ်တွေ၊ တရားထိုင် တရားရှုမှတ်တဲ့ အလုပ်တွေ၊ အမိပ္ပာယ်တွေ နားလည်သွားပြီ။

စိတ်အတွက် အစာကျွေးနေတာပါလား၊ စိတ်ကလေး နေရာပေးနေတာပါလားလို့ အမြင်ရှင်းသွားကြပြီ။

* ရုပ်၏နေရာ၊ စိတ်နေရာ၊ နေရာ(၂)မျိုးရှိ၊
* ရုပ်၏နေရာ၊ ရှိရုံသာ၊ စိတ်မှာအားမရှိ၊
* စိတ်၏နေရာ၊ ရှိမှသာ၊ ကောင်းစွာလုံခြုံ၏၊
* အသိပညာ၊ ရှိမှသာ၊ နေရာပြည့်စုံ၏၊
* ရုပ်၏အစာ၊ စိတ်အစာ၊ အစာ(၂)မျိုးရှိ၊
* ရုပ်၏အစာ၊ ကျွေးရုံသာ၊ စိတ်မှာအားမရှိ၊
* စိတ်၏အစာ၊ ကျွေးမှသာ၊ ကောင်းစွာစွမ်းအား ပြည့်၊

http://www.dhammadownload.com



- အသိပညာ၊ ရှိမှသာ၊ အစာပြည့်စုံ၏၊
- ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ မုချချမ်းသာ၏၊

• • •

http://www.dhammadownload.com

# ခွဲတမ်း(၅)မျိုး

ဒါကြောင့် စွမ်းအားပြည့်အောင် ကုသိုလ်လည်းရ၊ ဝမ်းလည်ဝဆိုတဲ့ လမ်းစဉ်နဲ့သွားရမှာ၊ ပစ္စည်းဥစ္စာရှာရင်တောင်မှ ခွဲတမ်း(၅)မျိုးနဲ့ သေသေချာချာ ဉာဏ်နဲ့၊ သတိနဲ့၊ ပညာနဲ့၊ မေတ္တာနဲ့ခွဲပြီး အဲသလိုရှာရမှာ၊ ဒါကြောင့် မြတ်စွာဘုရားဟောတဲ့ ဒေသနာက

ပညာဝိဝိ ဓိဝိတံ မာဟုသေဋ္ဌံ၊

ပညာဝိဝိဓိဝိတံ–ပညာဖြင့် အသက်မွေးခြင်းရှိတဲ့ ပုဂ္ဂိုလ်၏ ပညာဖြင့် အသက်မွေးခြင်းမျိုးကို၊ သေဋ္ဌံ–ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၍ မုချမြင့်မြတ် ချီးမွမ်းအပ်ပေသည်ဟု၊ အာဟု–ပညာရှိသူတော်ကောင်းတို့၊ ငြိမ့်ညောင်းသံချို၊ မိန့်ဆိုတော်မူကြလေကုန်သတည်း။

http://www.dhammadownload.com



ခွဲတမ်း(၅)မျိုးဆိုတာက

(၁) ခန္ဓာကိုယ်ကြီးလည်း သုံးရဦးမယ်၊
(၂) ကြွေးဟောင်းလည်း ဆပ်ရဦးမယ်၊
(၃) ကြွေးသစ်လည်း ပေးရဦးမယ်၊
(၄) ရေလည်း လောင်းရဦးမယ်၊
(၅) မျိုးစေ့လည်း စိုက်ရဦးမယ်၊

ပစ္စည်းဥစ္စာနဲ့ ဘယ်သူမှ မကောင်းနိုင်ကြဘူး၊ ဒါပေမဲ့ ဒရွှတ်တိုက်ဆွဲတာနဲ့ အကန့်လေးတွေပါတာ ဒါပဲကွာတယ်။

ဒရွှတ်တိုက်ဆွဲတဲ့ ပုဂ္ဂိုလ်ကျတော့ လက်ကဲ ရောက်လာတာနဲ့ အမှိုက်ပုံစံနဲ့ ဝင်လာတယ်၊ အကန့်လေးနဲ့၊ အကွက်လေးနဲ့ ရှာတဲ့ပုဂ္ဂိုလ်ကျတော့ လက်ထဲကို ပိုက်ဆံရောက်လာတာနဲ့ ရတနာပုံစံ ပေါ်လာကြတယ်။

လောဘနဲ့ ဒရွှတ်တိုက်ဆွဲလာတဲ့ ပုဂ္ဂိုလ် လက်ထဲ ပိုက်ဆံတစ်ရာတန်လေးတစ်ရွက် ရောက်လာ တယ်ဆိုရင် "ကျွန်တော့်တော့ အမှိုက်ပုံထဲ သွားမှာပါခင်ဗျ"လို့ ပါးစပ်က မပြောဘူး၊ တရားသဘောက အမှိုက်ပုံဘက်ကို ဦးတည်နေတယ်။

http://www.dhammadownload.com



သဒ္ဓါတရားတွေ၊ အသိပညာတရားတွေ၊ မေတ္တာတရားတွေနဲ့ ပစ္စည်းဥစ္စာရှာတဲ့ ပုဂ္ဂိုလ်လက်ထဲ ရာတန်လေးတစ်ရွက် ရောက်လာတော့ "ကျွန်တော်တော့ သိန်းသန်းကုဋေမက အမြတ်တွေပေါ်အောင် ရတနာပုံစံနဲ့ အင်အားတွေ ဖော်ထုတ်ပေးမှာပါ ခင်ဗျ"လို့ ပါးစပ်က ဘာမှမပြောပေမယ့် တရားသဘောက အဲသလိုဆောင်ပြီးတော့ သွားပါတယ်၊ တရားဘက်ကို စွမ်းအားရအောင် ဦးတည်နေတယ်၊ အဲသလိုဆိုတော့ ရတနာပုံစံနဲ့ ရအောင် မြှင့်တင်ပေးရမှာပေါ့။

* * *

## ခန္ဓာကိုယ်ကြီးသုံးရမယ်ဆိုတာ

(၁) ခန္ဓာကိုယ်ကြီး သုံးရဦးမယ်...ဆိုတာက စားဝတ်နေရေးအတွက် သုံးရမယ်လို့ ပြောတာ၊ ဒါပေမဲ့ သူပြောတာ ကြည့်စမ်း၊ ဘယ်လောက်လိမ္မာသလဲ၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ သမားရဲ့ ပါးစပ်ကထွက်လာတဲ့စကား ဘယ်လောက်များ

http://www.dhammadownload.com



နားဝင်ချိုစရာကောင်းတဲ့ စကားလုံးလဲ၊ ခန္ဓာကိုယ်ကြီးကို သုံးရဦးမယ်တဲ့။

"ခင်ဗျား ဘာဖြစ်လို့ ပိုက်ဆံရှာသလဲဗျ"

"ဟာ...သုံးဖို့ပေါ့ဗျ"လို့ အဖြေမပေးဘူး၊ သူပြောပုံလေးက တရားသံပါတယ်။

"ခန္ဓာကိုယ်ကြီး သုံးမလို့ပေါ့ဗျာ"တဲ့။

"ဘာလို့ ခန္ဓာကိုယ်ကြီး သုံးချင်ရတာတုန်းဗျာ"

"အို...ခန္ဓာက သုံးလို့ဖြစ်တယ်လေ၊ သုံးလို့ဖြစ်တဲ့ ဘဝ ရထားလို့ သုံးရမှာပေါ့ဗျ"တဲ့။

အတိတ်ဘဝများစွာ သံသရာတုန်းက ကျွဲဖြစ်ခဲ့စဉ်၊ နွားဖြစ်ခဲ့စဉ်၊ အပါယ်ရောက်ခဲ့စဉ် ကိုယ့်ခန္ဓာ သုံးချင်လို့မှ မသုံးခဲ့ရ၊ သာသနာနဲ့ မတွေ့ခဲ့တဲ့ အခါတုန်းက ခန္ဓာကို လိုသလိုသုံးချင်လို့မှ သုံးခွင့်မရခဲ့၊ အသိတရားမရှိတဲ့ ဘဝများစွာ ရခဲ့စဉ်တုန်းကလည်း ကိုယ်ခန္ဓာကို သုံးချင်လို့မှ သုံးခွင့်မရခဲ့။

ယခုတော့ သုံးခွင့်ကြုံနေပြီပဲ။

* * *

http://www.dhammadownload.com

# လူ့ဘဝဂုဏ်ရည် (၆)ချက်

လူ့ဘဝဂုဏ်ရည် (၆)ချက်ရှိတယ်၊ လူ့ဘဝဂုဏ်ရည်(၆)ချက်နဲ့ ပြည့်စုံမှ မနုဿတ္တဒုလ္လဘလို့ ခေါ်တယ်။

ရုပ်အနေနဲ့ တူလာရုံနဲ့ လူလို့မခေါ်ရဘူး၊ လူဆိုတာ လူနဲ့တူမှ လူလို့ခေါ်ရတယ်၊ လူ့ရဲ့ အရည်အသွေးရှိမှ လူလို့ခေါ်ရတယ်၊ စောစောက ပြောခဲ့တဲ့ လူမည်ခြင်းအကြောင်း (၃)ပါးအတိုင်းပေါ့၊ အရည်အသွေးပါမှ လူလို့ခေါ်တယ်၊ အရေအတွက်တိုးရုံနဲ့ လူလို့မခေါ်။

လူ့ဘဝဂုဏ်ရည် (၆)ချက်ဆိုတာ...

(၁) ဘုရားသာသနာနဲ့ တွေ့ကြုံရခြင်း

ဘုရားသာသနာနဲ့ တွေ့ရရင် လူဖြစ်ရကျိုးနပ်ပြီ၊ လူ့ရဲ့ လုပ်ပိုင်ခွင့် အကုန်လုံးရပြီ၊ လုပ်ပိုင်ခွင့်သုံးလို့ရရင် ခံစားခွင့်လည်း လိုသလောက်ရမှာပေါ့။

http://www.dhammadownload.com



သာသနာနဲ့ မတွေ့တဲ့အခါ လူရဲ့လုပ်ပိုင်ခွင့် ဆိုတာ ကျန်နေတတ်တယ်၊ ဟာနေတတ်တယ်၊ ဒါကြောင့် ဘုရားသာသနာနဲ့ တွေ့ပြီဆိုရင် အဲဒါ လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ။

ပိုက်ဆံပေးလို့ ရနိုင်တာ မဟုတ်ပါ၊ မိမိတို့ အကြောင်းပြည့်စုံလွန်းလို့သာ ရလာတဲ့ လူ့ဘဝ ဂုဏ်ရည် ဖြစ်ပါတယ်။

(၂) မိကောင်း၊ ဖကောင်း၊ ဆရာကောင်း သမားကောင်း စသည့် အမှီကောင်းတွေနဲ့ တွေ့ကြုံ ခွင့်ရကြခြင်း။

ဒါလည်း လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ၊ စောစောက ပြောခဲ့သလို ပုထုဇဉ်ဆိုတာ ကိုယ့်အသိ နဲ့ကိုယ်၊ ကိုယ့်သဘောနဲ့ကိုယ် သွားလို့မရဘူး၊ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါက လွဲလို့ရှိရင် ပညာရှိသူ တော်ကောင်းများရဲ့ လမ်းညွှန်ချက်မပါဘဲ ရှေ့ကို သွားလို့ မရဘူး၊ မဂ်ဖိုလ်ကို မရနိုင်ဘူး၊ အပေါ်ကို တက်လို့မရဘူး၊ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန်ချက် အမြဲလိုပါတယ်။

http://www.dhammadownload.com



ဒါကြောင့် လူ့ဘဝ ဒုတိယဂုဏ်ရည်က မိကောင်း၊ ဖကောင်း၊ ဆရာကောင်း သမားကောင်း စသည့် အမှီကောင်းတွေနဲ့ တွေ့ကြုံရခြင်း ဖြစ်တယ်။

ဒါက ကုသိုလ်ခေါ်တယ်၊ ဒါက အကုသိုလ်လို့ခေါ်တယ်၊ ဒါက လုပ်ရတယ်၊ ဒါက မလုပ်ရဘူး၊ ဒီလိုလုပ်ရင် ဒါမျိုးဖြစ်တယ်၊ ဒီလိုဖြစ်စေချင် ဒီလိုလုပ်ရတယ်၊ ဒါက သာသနာလို့ခေါ်တယ်၊ ဒါက ရတနာခေါ်တယ် စသည်ဖြင့် ကြောင်းကျိုးပြ လမ်းညွှန်ပေးတတ်တဲ့ ပညာရှိ သူတော်ကောင်းတွေနဲ့ တွေ့ကြုံရပြီဆိုရင် ဒါလည်း လူ့ဘဝ ဟုဏ်ရည်တစ်ချက်ပဲ။

(၃) တရားရှိတဲ့နေရာ၊ ရတနာသုံးပါး ထွန်းကားတဲ့နေရာ၊ သာသနာရှိတဲ့နေရာမှာဖြစ်ခွင့်၊ နေခွင့်ရခြင်း၊

ဒါလည်း လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ၊ မြန်မာပြည် သိပ်ပျော်စရာကောင်းတယ် ဆိုတာ အဲဒီ တတိယလူ့ဘဝဂုဏ်ရည်ကြောင့် ပျော်စရာ ကောင်းတာ။

http://www.dhammadownload.com



- စိတ်ညစ်စရာ ဘယ်လောက်ပေါပေါ၊
  ညစ်တဲ့စိတ်ကို ဆေးစရာတရားရှိတယ်၊
- စိတ်ပူစရာ ဘယ်လောက်ပေါပေါ၊
  ပူတဲ့စိတ်ကို ငြိမ်းအေးအောင်
  ဆောင်ရွက်ပေးနိုင်တဲ့ တရားရှိတယ်၊
- စိတ်ရှုပ်စရာ ဘယ်လောက်ပေါပေါ၊
  ရှုပ်တဲ့စိတ်ကို ရှင်းပေးနိုင်တဲ့ တရားရှိတယ်၊
- အန္တရာယ် ဘယ်လောက်ပေါပေါ၊
  အန္တရာယ် ကာကွယ်ပေးနိုင်တဲ့ တရားရှိတယ်၊

ဘယ်ကုသိုလ်မဆို အချိန်မရွေးထပြီး ပြုလုပ်အားထုတ်နိုင်ခွင့်ရှိတဲ့နေရာမှာ ဖြစ်ခွင့် နေခွင့်ရတယ်၊ ဒါ လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ၊ ဒါကြောင့် ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေ တတိယလူ့ဘဝဂုဏ်ရည်နဲ့ ပြည့်စုံလို့နေတယ်။

(၄) ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း၊

http://www.dhammadownload.com



မျက်စိကောင်းတယ်၊ နားကောင်းတယ်၊ ခြေကောင်းတယ်၊ လက်ကောင်းတယ်၊ ကျန်းမာရေးကောင်းတယ်၊ တစ်ကိုယ်လုံး သုံးလို့ရတယ်၊ ဒါလည်း လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ။

(၅) စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း၊

သမ္မာဒိဋ္ဌိစစ်စစ်ဖြစ်ခြင်း၊ သဒ္ဓါတရား အားကောင်းခြင်း၊ သူများကို ချမ်းသာစေချင်တဲ့ မေတ္တာတရားထားတတ်ခြင်း၊ သူများအပေါ် ကိုယ်ချင်းစာတတ်တဲ့ သနားကြင်နာတတ်တဲ့ ဂရုဏာတရားထားတတ်ခြင်း၊ သူများတွေ ချမ်းသာကြတာကို ကိုယ်ချမ်းသာသလိုပဲ ဝမ်းသာတတ်တဲ့ မုဒိတာတရားထားတတ်ခြင်း၊ မှန်ကန်တဲ့စေတနာ ကောင်းကောင်း ထားတတ်ခြင်း စသည်ဖြင့် လူလိမ္မာလို့ ခေါ်ဆိုရတဲ့စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံ တယ်ဆိုလို့ရှိရင် ဒါလည်း လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ။

(၆) ကုသိုလ်တရားကို အလွန်လိုချင်တဲ့ ကုသိုလ်ဆန္ဒပြင်းပြတဲ့ အမျိုးကောင်းသား/သမီး ဖြစ်ရခြင်း၊

http://www.dhammadownload.com



ကုသိုလ်ကို သိပ်လိုချင်တယ်၊ ကုသိုလ်နဲ့လူ ခွဲလို့မရ၊ ဘာလို့တုန်းဆိုရင် ကုသိုလ်လည်းရ ဝမ်းလည်းဝ လမ်းစဉ်နဲ့သွားမှ ဖြစ်မယ်လေ။

ကုသိုလ်မရ ဝမ်းသာဝတဲ့ တစ်ဖက်သတ်လမ်းနဲ့ သွားလို့မဖြစ်ပေဘူး၊ တစ်ဖက်သတ်သွားရင် တိမ်းမှာပေါ့၊ မှောက်မှာပေါ့၊ ပစ္စုပ္ပန်မှာ ဘာပဲရှိရှိ ရှိသမျှနဲ့ ချမ်းသာအောင် နေတတ်မှာ မဟုတ်ဖူး။

ဒါကြောင့် တွေ့သမျှနဲ့ ချမ်းသာအောင်နေတတ်ဖို့ အခြေအနေပေးသမျှနဲ့ ငြိမ်းအေးအောင် နေတတ်ဖို့ဆိုတာ တရားလည်းလိုတယ်၊ အဲသလို သိပြီးတော့ ကုသိုလ်တရားကို သိပ်လိုချင်တယ်၊ အဲဒါလူ့ဘဝဂုဏ်ရည် (၆) ချက်ဖြစ်တယ်။

* * *

http://www.dhammadownload.com

# ပစ္စည်းဥစ္စာ ဘာလုပ်ဖို့ရှာတာလဲ

"ပစ္စည်းဥစ္စာ ဘာလုပ်ဖို့ရှာတာလဲ"လို့ သူများကမေးရင် အဖြေက "ခန္ဓာကိုယ်ကြီး သုံးချင်လို့ပေါ့"

သုံးချင်တော့ ဘာလိုသလဲ၊ အသက်ရှည်ဖို့လို တယ်၊ ကျန်းမာဖို့လိုတယ်၊ ခွန်အားတွေ တိုးဖို့လို တယ်၊ ဉာဏ်ပညာပွားဖို့လိုတယ်။

ဒီလိုဆိုရင် စားဝတ်နေရေး ပြည့်စုံမှဖြစ် မယ်၊ အခြေခံက ဒီလို ကွင်းဆက်လေးနဲ့လာတာ။

ဒီလိုဆို သူ့စီးပွားရေး ဘာမှ ရှုပ်ရှက်ခက် မရှိဘူး၊ ရှင်းရှင်းလေးပဲသွားတယ်၊ ရှင်းရှင်းလေးပဲ သွားတယ်ဆိုရင် ကိုယ့်အတွက် ကျွေးတာတောင် ကုသိုလ်ဖြစ်နေတယ်၊ ကိုယ့်အတွက်ကျွေးတာပဲဘာ ပစ္စသန္နိဿိတသီလ အခြေခံတဲ့ စားဝတ်နေရေး ဖြစ်နေတယ်။

http://www.dhammadownload.com



ဒါနရဲ့ အခြေခံလဲဟုတ်တယ်၊ သီလရဲ့ အခြေခံလဲဟုတ်တယ်၊ သမာဓိပညာခေါ်တဲ့ ဘာဝနာရဲ့ အခြေခံလဲဟုတ်တယ်၊ ဒါကြောင့် ကိုယ့်ဟာကိုယ် ကျွေးရမယ့်အတူတူ ကုသိုလ်ရတဲ့ နည်းနဲ့ပဲ ကျွေးတော့မှာပေါ့။

အမှိုက်ထဲပါသွားမယ့် ပုံစံနဲ့ ဘယ်ကျွေးလို့ ဖြစ်ပါ့မလဲ၊ ကုသိုလ်ရတဲ့ပုံစံနဲ့ ကျွေးမှ၊ ချွေးထွက်ရကျိုး နပ်မှာပေါ့၊ ပင်ပန်းရကျိုး နပ်မှာပေါ့၊ မောရကျိုး နပ်မှာပေါ့။

ဒါကြောင့် စီးပွားဥစ္စာ ရှာဖွေရခြင်းရဲ့ ရည်ရွယ်ချက်(၅)မျိုးထဲမှာ ပထမက ခန္ဓာကိုယ်ကြီး ကိုလည်း သုံးဦးမယ်၊ ဒုတိယက ကြွေးဟောင်း လည်း ဆပ်ရဦးမယ် (မိဘဆရာစတဲ့ ကျေးဇူးရှင် တွေရဲ့ ကျေးဇူးကို ဆပ်ရဦးမယ်ပြောတာ)၊

မိမိတို့ လူတစ်လုံးသူတစ်လုံး ဖြစ်လာကြ တယ်ဆိုတာ မိဘဆရာသမားတွေရဲ့ ကျေးဇူး ကြောင့်ပါ၊ ဒီလိုဆို ကျေးဇူးသိပြီး ကျေးဇူးဆပ်ရ မှာပေါ့၊ ကျေးဇူးဟာ ဆပ်လို့မကုန်နိုင်တာ မှန်သော် လည်းပဲ ကျေးဇူးကိုသိပြီး စွမ်းနိုင်သလောက် ဆပ်ရမှာပဲ။

http://www.dhammadownload.com



စီးပွားဥစ္စာ ရှာကတည်းက ခွဲတမ်းလေးပါတယ်၊ ပိုရင်ပေးမယ်၊ မပိုရင် မပေးဘူးလို့ မလုပ်ရပါဘူး၊ ပိုပို မပိုပို ပေးကိုပေးမှာ၊ ဒီခွဲတမ်းလေးက မေတ္တာနဲ့ပါလာတယ်၊ ဒီစေတနာက သူ့ကို ပြန်အကျိုးပေးမှာ။

အဲသလိုစိတ်ထားနဲ့ သွားတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ အောက်ကျနောက်ကျ ဖြစ်လည်းမဖြစ်ပါဘူး၊ ပူလည်းမပူရပါဘူး။

* * *

# ကြွေးသစ်ချရဦးမယ်

တတိယက ကြွေးသစ်လည်း ချရဦးမယ်...

"ဘာလုပ်ဖို့ ပိုက်ဆံရှာတာလဲ"

"ကြွေးသစ်ချစရာရှိတယ်"

"ဘယ်သွားချမှာတုန်း"

"ဩော် ...ကိုယ့်အရိပ်ကို ခိုကြတဲ့ ကိုယ်နဲ့ ရေစက်ဆုံလို့ တွေ့လာတဲ့ သားလေးတွေ၊ သမီးလေးတွေ၊ မြေးလေးတွေ၊ တပည့်တပမ်းတွေ၊ သူတို့ကိုလည်း အရိပ်ပေးရဦးမှာပေါ့"

http://www.dhammadownload.com



သံယောဇဉ်တွေနဲ့ ရှုတ်ရှက်ခတ်ကြီးနဲ့ ချည်နေမဲ့အစား မေတ္တာလေးနဲ့ အေးအေးမြမြ သူတို့အပေါ်မှာ မိမိတတ်နိုင်သလောက် ကူညီမယ်၊ စီးပွားရှာကတည်းက ရှင်းရှင်းလေးရယ်၊ မေတ္တာ ပါလာတယ်၊ သံယောဇဉ်တွေနဲ့ ရှုတ်ရှက်ခတ် မသွားဘူး။

ဒါနစိတ်တွေ၊ မေတ္တာစိတ်တွေနဲ့ စ,ရှာက တည်းက ကုသိုက်လည်းရ ဝမ်းလည်းဝ ပုံစံနဲ့ အဲသလိုသွားတယ်၊ တကယ်ပေးတော့လည်း ဒါန ဖြစ်အောင် ပေးတယ်၊ သီးလပေါ်အောင် ပေးတယ်၊ မေတ္တာပေါ်အောင် ပေးတယ်ဆိုတော့ ဒါန၊ သီလ၊ ဘာဝနာပေါ့။

* * *

http://www.dhammadownload.com

## ရေလောင်းဦးမယ်

ဒါက မိတ်ဆွေ၊ ဆွေမျိုး စသည့်အတွက် အခါအားလျော်စွာပေးမယ်၊ ကူညီမယ်ပေါ့၊ ပတ်ဝန်းကျင်နဲ့နေတာ ဘယ်ကင်းနိုင်ပါ့မလဲ၊ ကိုယ်ကလည်း သူတို့ထံမှ အကူအညီ အခါးအားလျော်စွာ ယူရမှာဖြစ်သလို၊ ကိုယ်ကလည်း အခါအားလျော်စွာ အကူအညီပေးရမှာပေါ့။

ဒါကြောင့် ပစ္စည်းစရာကတည်းက ခွဲတမ်းပါတယ်၊ မေတ္တာရေလောင်းသလို မလွဲမရှောင်သာ အပူစိတ်နဲ့ ပေးမှာမဟုတ်ဘူး၊ အေးအေးမြမြနဲ့ ပေးမလို့။

* * *

## မျိုးစေ့စိုက်ရဦးမယ်

ပဉ္စမက မျိုးစေ့လည်း စိုက်ရဦးမယ် ...၊ အဲဒါက အလှူဒါန လုပ်တာကို ပြောတာ၊ သူပြော

http://www.dhammadownload.com



ပုံလေးက ကြည့်စမ်း၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ သမားရဲ့ စကားလေးက ကြားလိုက်ရတာနဲ့ အင်မတန် သက်သာတယ်။

အလှူလည်းလုပ်ရဦးမယ်ဆိုရင် လောဘက ဝင်တယ်၊ ဟဲ့ မလှူနဲ့၊ မလှူနဲ့ နိစ္စဒက ဝင်လာတယ်၊ ဟဲ့ လျှို့ဝှက်ထား၊ လျှို့ဝှက်ထား၊ ဘယ်သူမှ မသိစေနဲ့လေ။

အခုတော့ သူပြောလိုက်ပုံလေးက လှူမှာ ကိုတောင် လှူမှာလို့ မပြောဘူး၊ မျိုးစေ့လည်း စိုက်ရဦးမယ်တဲ့။

မျိုးစေ့စိုက်မယ် ဆိုကတည်းက (စိုက်ပျိုးရေး သမားတွေ ကြည့်ပေါ့)

- **အပင်ပေါက်မယ်မှန်းသိလို့ စိုက်တာပေါ့၊**
- **အပင်ပေါက်ရင်လည်း အသီးသီးမှာ မှန်းသိလို့ စိုက်တာပေါ့၊**
- **အသီးသီးရင်လည်း အတိုးနဲ့ ပြန်သီးမှာမှန်း သိလို့ စိုက်ရဲတာပေါ့၊**

အဲဒါမျိုးလိုပေါ့၊ ဒါနလုပ်တယ်ဆိုတာ စိုက်ပျိုးရေးပဲ၊ အတိုးနဲ့ ပြန်ပေါ်လာကြမှာ၊ လှူတယ်,

http://www.dhammadownload.com



လျှော့တယ်,ဆိုတာက ယူတာလို့ အမြင်ရှင်းရှင်းလေး နဲ့ လုပ်တာ၊ အဲလိုဆို လျှော့ရဲတာပေါ့။

စိုက်ပျိုးရေးသမားဟာ လောလောဆယ် စိုက်ပျိုးရေးလုပ်တဲ့အခါ မျိုးစေ့တွေ ရေထဲမြေထဲ ရောက်သွားပေမယ့် မနှမြောပါဘူး၊ မျိုးစေ့တွေကို ယုံတယ်လေ။

- **မျိုးစေ့တိုင်း, မျိုးစေ့တိုင်း အပင်ပေါက်ကြမှာပဲ၊**
- **အပင်တိုင်း, အပင်တိုင်း အသီးသီးကြမှာပဲ၊**
- **သီးတော့လည်း အတိုးနဲ့သီးကြမှာ၊**

အဲသလိုဆိုတော့ မြေထဲ, ရေထဲမှာ မျိုးစေ့ ကြဲချလိုက်ရတဲ့ ပုဂ္ဂိုလ်၊ လောလောဆယ် ကုန် သွားပေမယ့် နည်းနည်းမှ မနှမြောဘူး၊ ပျော်လိုက် တာများ မပြောနဲ့၊ အတိုးနဲ့လာမှာလို့ သူမြင် တယ်လေ။

အဲသလိုဆိုရင် ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က စဉ်းစား ပြီ၊ ဩော်...မျိုးစေ့ဆိုတာ အဝိညာဏက၊ အသက် လဲမပါ၊ စိတ်လဲမပါ၊ အသက်မပါ စိတ်မပါတဲ့ အဝိညာဏက မျိုးစေ့ကိုတောင်မှ ဒီလောက်တောင်

http://www.dhammadownload.com



ဝဲ့တိကျကျ ယုံကြည်သေးတယ်ဆိုရင် ငါ့စေတနာက သဝိညာဏကပဲ၊

အသက်လည်းပါတယ်၊စိတ်လည်းပါတယ်၊ သဒ္ဓါတွေ၊ ပညာတွေ၊ မေတ္တာတွေမွမ်းထုံပေးလိုက်တယ်ဆိုတော့ အဝိညာဏကဆိုတဲ့ မျိုးစေ့ ထက် ငါ့စေတနာက ပိုပြီး အထွက်တိုးနှုန်း သာရမှာပေါ့။

အသက်မပါ စိတ်မပါတဲ့ အဝိညာဏက မျိုးစေ့လေးကိုတောင်မှ ဒီလောက် တိတိကျကျ ပြတ်ပြတ်သားသား ယုံကြည်သေးတယ်ဆိုရင် သဝိညာဏကဆိုတဲ့ မိမိရဲ့ စေတနာကို ပိုပြီးတော့ ယုံရမှာပေါ့။

အလှူဒါနပိုင်းမှာ အဲသလို အမြင်ရှင်းလာတယ်၊ ဒါကြောင့် စီးပွားစလုပ်ကတည်းက (၅)မျိုး ခွဲထားတယ်။

ပိုရင်တော့ လှူမယ်၊ မပိုရင်တော့ မလှူဘူး မလုပ်ဖူး၊ မျိုးစေ့ကသပ်သပ်၊ ဖြစ်တဲ့နည်းနဲ့ခွဲထားတယ်၊ ဒီငါးစုက အညီအမျှခွဲရမယ်လို့ မဆိုလို၊ ခွဲဝေမ်းစေဖို့ကိုသာ ပြောတာ။

* * *

http://www.dhammadownload.com

# လက်ထဲကလွှတ်လိုက်သမျှ ဒါနချည်းပဲ

ပေးရမယ့်အတူတူ ကုသိုလ်ဖြစ်အောင်သာ ပေး၊ သုံးရမယ့်အတူတူ ကုသိုလ်ဖြစ်အောင်သာ သုံး၊ အဲဒါ ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ လက်ထဲ လွှတ်လိုက်သမျှ ဒါနချည်းပဲ၊ မေတ္တာချည်းပဲ။

ကိုယ့်အတွက် ကျွေးလိုက်သမျှ ကုသိုလ် ချည်းပဲ၊ အဲဒါ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ဉာဏ်ရှိသူများရဲ့ ခန္ဓာထမ်းရတာ တယ်ပေါ့၊ အသက်မွေးဝမ်းကျောင်းဟာ အကုန်လုံး အဖိုးတန် ချည်း ဖြစ်သွားပါတယ်၊

ဒါကြောင့် ပညာဇီဝိံ ဇီဝိတံ၊ ပညာဖြင့် အသက်မွေးခြင်းရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အသက်မွေးခြင်း

http://www.dhammadownload.com



မျိုးကို၊ သေဒ္ဒွ-ကုသိုလ်လည်းရ ဝမ်းလည်းဝ၍၊ မုချမြင့်မြတ် ချီးမွမ်းအပ်ပေသည်ဟု။ အာဟု-ပညာရှိသူတော်ကောင်းတို့၊ ငြိမ့်ညောင်းသံချို၊ မိန့်ဆိုတော်မူကြလေကုန်သတည်း။

* * *

http://www.dhammadownload.com

# ခန္ဓာဟာ အသိတရားနဲ့ထမ်းမှ

ဒါကြောင့် ခန္ဓာဟာ အသိတရားနဲ့ ထမ်းမှ ပေါ့တယ်၊ အဖိုးတန်တယ်၊ ပစ္စည်းဆိုတာလဲ အသိတရားနဲ့ ရှာမှ အဖိုးတန်တယ်၊ ပေါ့တယ်၊ ဒါကြောင့် ယခု ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတွေ သာသနာချီးမြှောက်ကြတယ်ဆိုတာ အသိတရားရှိလို့ ချီးမြှောက်ကြတာပေါ့၊ သာသနာဘက်ကကြည့်ရင်လည်း အင်မတန် အားတက်စရာကောင်း။

စိတ်ကောင်းရှိသူတွေလက်ထဲ သာသနာက နေလို့ရတာ၊ ပစ္စည်းပေါတိုင်း နေလို့မရ၊ တော

http://www.dhammadownload.com



ဒေယျ ပုဏ္ဏားကြီး (၈၇)ကုဋေ ကြွယ်ဝပေမယ့် သူ့လက်ထဲ သာသနာမနေနိုင်ဘူးလေ၊ သာသနာနဲ့ သူက ဘာမှမဆိုင်။

သူ့ပစ္စည်းက သာသနာချီးမြှောက်ဖို့ နေနေသာ၊ သူ့တောင် မကယ်နိုင်၊ ခွေးဖြစ်တာတောင် လက်ပိုက်ကြည့်နေရတဲ့ သဘောပဲ၊ ဘာမှမတတ်နိုင်။

အသိတရားရှိသူရဲ့ လက်ထဲကို ရောက်သွားတဲ့ ပစ္စည်းများ တစ်ဆယ်ကိုးကျပ်လည်း အဖိုးတန်တာပဲ၊ တစ်ရာကိုးဆယ်လည်း အဖိုးတန်တာပဲ၊ ကိုယ့်အတွက်သုံးလို့လည်း အဖိုးတန်တာပဲ၊ လက်ထဲကပေးလိုက်သမျှလဲ အဖိုးတန်တာပဲ။

ယခုလို သာသနာအတွက် ချီးမြှောက်ပြန်တော့လည်း အတိုင်းထက်အလွန် တန်ဖိုးတွေဆုံးဖြတ်လို့မရအောင် အလွန့်အလွန်မှ အဖိုးတန်တယ်၊ အဲသလိုဆို အသိတရားနဲ့ ခန္ဓာထမ်းကြရမှာပေါ့။

* * *

http://www.dhammadownload.com

## သားကလေး ပြေး

ရွာတစ်ရွာမှာ မျက်နှာဖုံး သူဌေးကြီးဇနီး မောင်နှံနှစ်ယောက် ရှိသတဲ့၊ သူဌေးကြီးနာမည်က ဦးပြား၊ သူဌေးကတော်ကြီး နာမည်က ဒေါ်ဦးတဲ့၊ သူတို့မှာ သားလေးတစ်ယောက်ရှိတယ်။

သားလေးတစ်ယောက်တည်း ဆိုပေမဲ့ အရုပ်ကသိပ်ဆိုး၊ စိတ်ဓာတ်ကလည်း အလွန်ညံ့၊ အကျင့်စာရိတ္တကလည်းအလွန်ပျက်၊ဘယ်လောက်ပဲ ပျက်ပျက် ဖအေနဲ့မအေက သားတစ်ယောက်တည်းမို့ ချစ်ရတာပဲ။

သားလေးက မျက်လုံးကပြူး၊ အသားကလည်းမည်း၊ ပိန်လည်းပိန် ခြောက်ကပ်ကပ်နဲ့ ဘယ်ဘက်ကမှ ကြည့်လို့မလှ။

http://www.dhammadownload.com



ဘယ်ဘက်ကမှ ကြည့်မရအောင် အရုပ်ဆိုးပေမဲ့ မိခင်ဖြစ်တဲ့ ဒေါ်ဥကတော့ ငုံထားမတတ် ချစ်လိုက်ရတာ၊ အရုပ်ဆိုးပြီး မျက်လုံးပြူးတဲ့ သားလေးကို နာမည်ပေးတော့ ဖအေနာမည်လည်း ပါအောင် အမေနာမည်လည်းပါအောင် သားလေးရဲ့ ပုံပန်းသဏ္ဌာန်နဲ့လည်း ကိုက်အောင်ဆိုပြီး 'ငပြူး'လို့ နာမည်ပေးသတဲ့။

ငပြူးလို့သာ နာမည်ပေးထားတာ၊ ဖအေနဲ့ မအေက သားနာမည်ကို ငပြူးလို့ တစ်ခါမှမခေါ်၊ သားလို့တောင် တစ်ခွန်းတည်းမခေါ်ဘူး၊ 'သားသား'သားသားနဲ့ ငုံမတတ် ချစ်လိုက်ရတာလေ။

* * *

http://www.dhammadownload.com

# အလွန်ဆိုးသောပြေျား

ချစ်ခါမှ ချစ်ရော၊ သားလေးက အလွန်ဆိုးတယ်၊ အရုပ်ဆိုးတာတင် မပြီးဘူး၊ စိတ်ကလည်း အင်မတန်ညံ့ဆိုပဲ။

လိမ်မာစေချင်လွန်းလို့ ရွာဦးက စာသင်ကျောင်းသွားထား၊ ဆရာ၊ ဆရာမတွေက အမျိုးမျိုးပညာသင်ပေး၊ လိမ်မာအောင်သွန်သင်ပေး၊ ဘယ်လိုမှ သင်လို့မရ။

ခဏခဏကျောင်းပြေး၊ ဆရာတွေရဲ့အရိုက်ခံရတာလည်း ခဏခဏ၊ အဖော်ဖြစ်တဲ့ ကျောင်းသားတွေနဲ့ ရန်ဖြစ်တာလည်း ခဏခဏ။

http://www.dhammadownload.com



မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ သွားပေါင်း၊ ငယ်ငယ်လေးနဲ့ ဖဲရိုက်တတ်လာတယ်၊ ငယ်ငယ်လေးနဲ့ အရက်သောက်တတ်လာတယ်။

အဲဒါနဲ့ စာသင်ကျောင်းလည်း ဘယ်လိုမှ ထားမရတာနဲ့ ဘုန်းကြီးကျောင်း သွားထားပါဦးမယ်ဆိုပြီး ရွာဦးက ဘုန်းကြီးကျောင်းသွားထားတာ ပြန်တော့လည်း ဘုန်းကြီးက ပညာသင်ပေး၊ ဘယ်လိုမှ သင်လို့မရ။

လိမ်မာအောင် ဆုံးမပေးသော်လည်း ဘယ်လိုမှ ဆုံးမလို့မရ၊ ဆိုးတာပဲ၊ ခဏခဏ ကျောင်းပြေး ခဏခဏအရိုက်ခံရ၊ ကျောင်းသားတွေနဲ့ ခဏခဏရန်ဖြစ်၊ ပိုဆိုးတာက ခိုးတတ်တယ်။

ပစ္စည်းမရှိတာလဲ မဟုတ်ဖူး၊ သူ့မိဘက တစ်ရွာလုံးရဲ့မျက်နှာဖုံး၊ ပစ္စည်းအင်မတန်ပြည့်စုံတယ်၊ သူ့ရဲ့ ဝါသနာစရိုက်ကိုက မကောင်းတော့ ခိုးတတ်တယ်။

ဟိုကပစ္စည်းပျောက်၊ သူ့လက်ချက်ပဲ၊ ခိုးတတ်တဲ့အပြင် အရက်သောက်၊ ဖဲရိုက်ပါလာတော့ ပိုခိုးချင်တာပေါ့။

http://www.dhammadownload.com



အဲဒါနဲ့ အကျင့်စာရိတ္တကလည်း မကောင်း၊ လူရဲ့ပုံစံကြည့်တော့လည်း လုံးဝကြည့်လို့မရဆိုတော့ တစ်ရွာလုံးရဲ့ အော့စရာ၊ အန်စရာ၊ နှလုံးနာစရာ ဖြစ်လာတယ်။

---

စောစောကပြောခဲ့တဲ့ စကားအတိုင်း သားစိမ်း ငါးစိမ်းတွေဆိုတာ မချက်မပြုတ်၊ မပြုမပြင်ပဲ အစိမ်းလိုက်သာ စားကြမယ်ဆိုရင် အော့အန်ကုန်မှာ။

ဒါမျိုးလိုပဲ၊ ပြေျားလေးလည်း မိဘကမဆုံးမတာလဲမဟုတ်၊ ဆုံးမလို့မရတာ၊ ဆရာသမားက မဆုံးမတာလည်းမဟုတ်၊ ဆုံးမလို့မရတာ၊ အပြုအပြင်မခံရတော့ ပတ်ဝန်းကျင်က အော့စရာ၊ အန်စရာ၊ နှလုံးနာစရာကြီး ဖြစ်လာတယ်။

နှလုံးနာစရာကြီးဖြစ်တော့ ဘယ်သူမှ သူ့ကို မချစ်ခင်ကြ၊ ပစ္စည်းပျောက်သတဲ့၊ ဘယ်သူလည်း လိုက်ရှာစမ်း၊ ပြေျားဆိုတော့ ဝိုင်းရိုက်ကြ၊ အရိုက်ခံရတာလည်း ခဏခဏ၊ ပတ်ဝန်းကျင်က သူ့ကို မုန်းတော့ ဝိုင်းရိုက်ကြတာလဲ ရှိတယ်။

F ၉A

http://www.dhammadownload.com



တစ်ခါများ ရွာထဲမှာ အရိုက်ခံရပြီး မေ့မြော
လည်းနေသတဲ့၊ မိခင်ကြီးမှာ သွားတွဲထူခေါ်ယူပြီး
မနည်းအသက်ရှင်အောင် စောင့်ရှောက်ရရှာသတဲ့။

* * *

F 9B

http://www.dhammadownload.com

# စိတ်နေစိတ်ထားညံ့လို့

ပြေုးဟာ ဆိုးလိုက်တာ၊ ပေလိုက်တာ၊ ကုသိုလ်မရ ဝမ်းမဝ၊ ပစ္စည်းမရှိတာလည်း မဟုတ်ဘူး၊ မိဘက ပစ္စည်း အင်မတန်ပြည့်စုံတယ်။ ဒါပေမဲ့ စိတ်နေစိတ်ထားက ဘာမှ အဆင့်မမြင့်၊ စိတ်နေစိတ်ထား ညံ့တာပါ။

စိတ်နေစိတ်ထားညံ့ရတဲ့အပြင်စရိုက်ဝါသနာပါ မကောင်းတော့ အိမ်မှာ မိဘမရှိတုန်း ခဏခဏ ဟိုပစ္စည်းခိုး၊ သည်ပစ္စည်းခိုးပဲ။

မိခင်ကြီးထံမှာ ပစ္စည်းတောင်းတယ်။

"အမေ...ငွေတစ်ထောင်ပေးဦးဗျ"

"ဟဲ့သား...ဘာလုပ်မလို့လဲ"

"အို...သုံးချင်လို့ပေါ့ဗျ"

http://www.dhammadownload.com



"သားရယ်...မရှိသေးဘူး"

"ဟာ...ဘာမရှိရမှာလဲ" ဘာညာဆိုပြီး ဟိန်းဟောက်၊ အတော်ကြာတော့

"အမေ... ပေးမှာလား၊ မပေးဘူးလား၊ တစ်ခွန်းတည်းပြော"

အဲသလို ခြိမ်းခြောက်တဲ့အပိုင်းတွေ ရောက်လာတယ်၊ မအေလုပ်တဲ့သူမှာ ပေးရရှာတယ်။

"ရော့...သားသား...ဒါယူသွား...ယူသွား"

မကောင်းပေမယ့် ချစ်စရာက ဒီသား တစ်ယောက်တည်းရှိတော့ ကြိတ်မှိတ်ချစ်နေရတာပဲ၊ အဲဒါနဲ့ ဖအေဖြစ်တဲ့ ဦးပြားမှာလည်း စိတ်ဆင်းရဲလိုက်ရတာ မပြောနဲ့တော့၊ သားတစ်ယောက်ကို အကြောင်းပြုပြီး သားအတွက် မျက်နှာပူရတာတွေ။

ရွာရဲ့ မျက်နှာဖုံးလို့သာ ဆိုရတယ်၊ ဒို့သားလေး ရတနာမဟုတ်ဘဲ ရတာနာဖြစ်နေပြီ၊ သားရတာနဲ့ ဒို့မျက်နှာတွေ တစ်စ,တစ်စ ပျက်ကုန်ပြီ၊ ဒို့ တစ်စ,တစ်စ,အဆင့်နိမ့်ကုန်ပြီ၊ စိတ်အကြီးအကျယ်ထိခိုက်၊ စိတ်အကြီးအကျယ် ဆင်းရဲရ။

မိခင်ကတော့ သားလေးကို ရှူးရှူးတူးတူး ချစ်တာပဲ၊ သားက အိမ်ဝင်လာကတည်းက မှုးမှုး

http://www.dhammadownload.com



ရှုးရှုးနဲ့၊ အသံကြားတာနဲ့ သားရောက်ပြီဆိုတာ သိရ၊ သားပါးစပ်က ပြောပါပြီ။

"အမေ...ငွေတစ်ထောင်ပေးဦးဗျ

"သားရယ်...မပြေလည်သေးဘူး"

"ဘာမပြေလည်ရမှာလဲ၊ အမေပေးမှာလား၊ မပေးဘူးလား ဒါပဲပြော"

အဲသလိုခြိမ်းချောက်၊ အမျိုးမျိုးဆဲရေး တိုင်းထွာ ပြောဆို၊ မအေက အေးလေ, မရိုက်ရင် တော်သေးတာပေါ့၊ ကိုယ့်သားဆိုတော့ အဲသလို လျှော့တွက်ရတယ်။

သားက တွေ့ရာတုတ်နဲ့ မအေကို ကောက်ရိုက်တော့ မအေက အေးလေ, မသတ်ရင် တော်သေးတာပ၊ သားဆိုတော့ လျှော့တွက်ရတယ်။

အိမ်ရောက်လာတယ်ဆိုလို့ရှိရင် မအေကို စပြီး ဆူတယ်၊ ပူတယ်၊ ကြိမ်းတယ်၊ မောင်းတယ်၊ ရိုက်တယ်၊ နှက်တယ်၊ ဒီလိုတောင် ဖြစ်လာတယ်၊ ဘယ်လိုမှ ပြောလို့ ဆုံးမလို့မရ။

မအေက သားလေး အလည်အပတ်သွားနေတုန်း ထမင်းဟင်းချက်ပြုတ်ပြီးတော့ မနက်စာလည်း မနက်စာမို့၊ ညစာလည်းညစာမိ၊ တစ်ခါ

http://www.dhammadownload.com



တစ်ရုံ နှစ်ထပ်စာကို တစ်ထပ်တည်းပေါင်းပြီး ကျွေးရတာလည်း မနည်းဘူး။

ကျကျနန သားလေးစားဖို့ ဆိုပြီး ထမင်းဝိုင်းပြင်၊ လည်တမော့မော့နဲ့ စောင့်နေသတဲ့၊ သားက အိမ်ပေါက်က မူးမူးရူးရူးနဲ့ ဝင်လာပြီ၊

ဝင်လာတော့ မအေက ဆီးချော့ရတယ်။

"သားရေ၊ ဒီမှာ သားသားစားဖို့ကွဲ့၊ အမေ ကိုယ်တိုင်ချက်ထားတာ၊ ဘာဟင်းကွဲ့"

"အမေက ဘာတွေချက်ထားမှန်းလဲ မသိဘူး"ဆိုပြီး ထမင်းဝိုင်းကြီးကို ခြေထောက်နဲ့ ဆောင့်ကန်ချလိုက်တာ အကုန်လုံးကျကွဲကုန်တယ်၊ မှောက်ကုန်တယ်၊ တစ်ရက်တည်းမဟုတ်ဘူး၊ နေ့တိုင်းလိုလို သားကို အကြောင်းပြုပြီး စိတ်ဆင်းရဲလိုက်ရတာ။

* * *

http://www.dhammadownload.com

# ရေတ်သီးကြိုက်တဲ့လူလို

ဪ...ရေတ်သီးကြိုက်တဲ့လူလို ဖြစ်နေပြီး၊ ရေပ်သီးကြိုက်တဲ့လူဟာ ရေပ်သီးမစားပဲလည်း မနေနိုင်၊ စားပြန်တော့လည်း စပ်ရတယ်။

သားတစ်ယောက်တည်းဆိုတော့ မချစ်ဘဲလည်း မနေနိုင်၊ ချစ်လို့အလိုလိုက်၊ အလိုလိုက်လေ ဆိုးလေ၊ စိတ်ဆင်းရဲပေမယ့် မိခင်မှာ သားကို ငေါက်တောင် မငေါက်ရက်ရှာဘူး။

အဲဒါနဲ့ နေ့စဉ်ချက်ထားတဲ့ ဟင်းအိုးတွေ ရိုက်ခွဲလိုခွဲ၊ ပြင်ထားတဲ့ ထမင်းဝိုင်းတွေ မှောက်လိုမှောက်၊ ရိုက်ခွဲလိုခွဲနဲ့ နေ့တိုင်းလိုလို ဖြစ်နေတော့ ဖအေဖြစ်တဲ့ပုဂ္ဂိုလ်က စိတ်နှလုံးတွေ ထိခိုက်ပြီး၊ မကြာပါဘူး၊ ရောဂါဖြစ်၊ ကွယ်လွန်သွားတယ်။

http://www.dhammadownload.com



အမှန်တော့ ဖခင်ဖြစ်သူ ဦးပြားဟာ သား အတွက် စိတ်ထိခိုက်မှုတွေ အင်မတန်များလွန်းလို့ အရွယ်ကောင်းတုန်းမှာ ကွယ်လွန်သွားတာပဲ။

အဲဒါနဲ့ မုဆိုးမကြီး မအေက…

"အေးလေ… ဒီသားတစ်ယောက်တည်း ငါ့မှာချစ်စရာရှိတာဆိုတော့ ငါ့သားလေး မျက်နှာ မငယ်စေရဘူး၊ အောက်ကျနောက်ကျ မဖြစ်စေရ ဘူး" ဆိုပြီး အိမ်မှာ ရှိတဲ့ ပစ္စည်းတွေ တစ်စ,တစ်စ လုံးပါးပါးလာတဲ့အထိ အလိုလိုက်၊ သားကလည်း ဖြုန်းလိုက်တာ မပြောနဲ့တော့၊ နောက်တော့ ပစ္စည်း မရှိသလောက် ဖြစ်သွားတယ်။

ပစ္စည်းမရှိတော့လည်း သားကိုချစ်တော့ မအေလုပ်သူက ငွေအရင်းရှာပြီး ဟင်းသီးဟင်းရွက်ရောင်းလို့၊ တစ်ခါတစ်ရံဈေးရောင်းလို့၊ ကြုံရာ အလုပ်လေးလုပ်၊ ငါ့သားလေး ချမ်းသာ စေရမယ်၊ စိတ်ချမ်းသာစေရမယ်၊ ဟိုတုန်းကလို ချမ်းသာ အောင် ပြုလုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက် မေတ္တာ နဲ့ပေါ့။

ကြုံရာအလုပ်လုပ်ပြီး သားလေးကို ကျွေးမွေး စောင့်ရှောက်နေပါတယ်၊ နေ့တိုင်းလိုလို ငပြုံးရဲ့

http://www.dhammadownload.com



အသံဟာ အိမ်မှာ၊ ရပ်ကွက်ထဲမှာ ကျက်သရေ မရှိအောင် ဖြစ်လာတယ်။

ဖအေမရှိလို့ မအေတစ်ယောက်တည်း ဖြစ်ပြန်တော့လည်း မအေကိုအညှာမပေးဘူး၊ ဆဲဆို ကြိမ်းမောင်း ရိုက်နှက်၊ ကျက်သရေမရှိအောင်ကို နေ့တိုင်းလို ဖြစ်နေတယ်။ ငပြူးတို့အိမ်က ဘုရားသံ တရားသံ မကြားရ၊ ဆဲသံ၊ ဆိုသံ၊ ကြိမ်းသံ၊ မောင်းသံ၊ ဆူသံ၊ ပူသံတွေချည်း နေ့တိုင်းလိုကြား နေရတော့ ပတ်ဝန်းကျင်ကလည်း ငပြူးမိခင်ရဲ့ အဖြစ်ကိုသနားကြသည်။

ကြားနေ၊ မြင်နေရလို့သာ သနားရတယ်၊ ပတ်ဝန်းကျင်ကလည်း သနားရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြ၊ ဟိုနားရန်ပွဲလည်း ငပြူးပါတာပဲ၊ ဟိုပစ္စည်း ပျောက်တယ်ဆိုလည်း ငပြူးပဲ။

အဲသလို စသည်ဖြင့် ဘယ်နားမဆို ငပြူး ချည်းဖြစ်နေတယ်။ ကျောင်းက ဘုန်းကြီးကလည်း သတင်းတွေကြားလို့ ခေါ်ဆုံးမ၊ ပြောတာပဲ ရှိတယ်၊ ပြောပြီး ပြီးတာပဲ၊ ဘာမှ နားမထောင်။

http://www.dhammadownload.com



သည်လိုနဲ့ ခိုး, ဆိုးပြီး နေလိုက်တာများ ရရာပစ္စည်းကိုကြုံရင်ကြုံသလိုခိုး၊ မိတော့ အရိုက်ခံ၊ ခဏခဏ ထိပ်ပေါက် ခေါင်းကွဲ၊ ခန္ဓာကိုယ် တစ်ခုလုံး အမာရွတ်ချည်းပဲ။

* * *

http://www.dhammadownload.com

# လူဆိုတာ အဖိုးတန်အောင် နေသင့်တယ်

တစ်နေ့သောအခါကျတော့ ပြေပြူးလည်း အဖော်ကောင်းတာနဲ့ ဘုန်းကြီးကျောင်းရောက်သွား၊ ကျောင်းရောက်သွားတော့ ဘုန်းကြီးက ပြေပြူး ရောက်လာတယ်ဆိုတာကိုပဲ ဝမ်းသာရ တယ်လေ၊ ရွာရဲ့ မျက်နှာဖုံး ဦးပြား၊ ဒေါ်ဥတို့ရဲ့ တစ်ဦးတည်း သော သားဆိုတာ ဘုန်းကြီးက သိပြီးသားကိုး။

ပြေပြူးက ဘုန်းကြီးရှေ့ထိုင်တယ် ဆိုပေမယ့် ရှိခိုးဖော်တောင် မရပါဘူး။

http://www.dhammadownload.com



ဘုန်းကြီးက မေတ္တာတရား၊ ကရုဏာတရား ရှေ့သွားပြုပြီးတော့မှ သည့်ပြင် တပည့်တပမ်းတွေကို ဆုံးမသလိုလိုနဲ့ သူ့(ငပြုး)နားထဲရောက်လိုရောက်ငြား ဆိုပြီးတော့ လိမ်မာရေးခြားဖြစ်စေမယ့် တရားစကားတွေ ပြောပြီးတော့ ဆုံးမပေးတယ်။

လူဆိုတာ အဖိုးတန်အောင် နေသင့်တဲ့အကြောင်း၊ အဖိုးတန်အောင်နေမှ ကိုယ့်အတွက်လည်း တန်ဖိုးရှိတဲ့အကြောင်း၊ ပတ်ဝန်းကျင်ကလည်း စိတ်ချမ်းသာရတဲ့အကြောင်း၊ ပတ်ဝန်းကျင်ကလည်း ချစ်ခင်မြတ်နိုးခံရတဲ့အကြောင်း၊ ပစ္စုပ္ပန်သံသရာ ကြီးပွားတိုးတက်တဲ့အကြောင်း စသည်ဖြင့် အကျိုးအကြောင်းတွေပြ၊ ဆုံးမဟောပြော။

သူ့(ငပြုး)ကို တိုက်ရိုက်ကြီးဆုံးမတာတော့ မဟုတ်ဖူး၊ ဒါပေမယ့် သူကြားစေချင်လို့ ပြောတာပါ။

ကြည့်စမ်းကွာ၊ ရွာထဲမှာ ဘယ်သူတွေ၊ ဘယ်သူတွေလေ၊ အနေအထိုင်ကောင်းလို့ ပတ်ဝန်းကျင်ကလည်း ချစ်ကြ၊ ရွာထဲကလည်း ချစ်ကြ၊ မြတ်နိုးကြပေါ့၊ တန်ဖိုးထားတတ်တဲ့အကြောင်း

http://www.dhammadownload.com



စလည်ဖြင့် ရပ်ရွာထဲရှိသူတွေကို နမူနာပုံစံထုတ်ပြီး ဟောပြောတယ်။

တစ်ခါ စာပေထဲမှာလာတဲ့ အကြောင်းဝတ္ထု မျိုးစုံကိုလည်း ပုံစံထုတ်ပြီး ဘုန်းကြီးကဟောပြ။

"လူဆိုတာ အဖိုးတန်အောင်နေမှ အဖိုးတန် တာကွ၊ ဆင်းရဲတာ ဆင်းရဲတဲ့အတိုင်း မျှောချမနေ ရဘူး၊ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန် ချက် ခံယူ၊ နာယူပြီးတော့မှ အသိတရားပွားအောင် လုပ်ပြီး ဘဝဆိုတာ ရတဲ့နေရာက သုံးရတယ်" –စသည်ဖြင့်ပေါ့ အကျိုးအကြောင်းပြပြီး တရား စကားတွေ ပြောပြသတဲ့။

ပြောပြတော့ ပြေူးလေးနားထဲကို တရားက မသိမသာ၊ မသိမသာ ရောက်သွားတယ်။

"ဟယ်...နားထောင်လို့ကောင်းသား၊ ဒီ အကြောင်းအရာလေးတွေက နားထောင်လို့ ကောင်းတယ်" အဲသလိုဖြစ်လာတယ်။

"ကုသိုလ်ဆိုတာ ပိုက်ဆံပေါ်မှ လုပ်လို့ရတာ မဟုတ်ဖူး၊ ကုသိုလ်လုပ်ဖို့ လွယ်လွယ်လေးပါ၊ စိတ်ကောင်းပဲတောင်းတာ၊ စိတ်ကောင်းထားရင်

http://www.dhammadownload.com



ကိုယ့်ဟာကိုယ်လည်း ကျက်သရေရှိတယ်၊ ပတ်ဝန်းကျင်ကလည်း ချစ်ခင်မြတ်နိုးတယ်၊ လောကသံသရာ၊ ပစ္စုပ္ပန်သံသရာမှာလည်း အကုန်လုံး ချမ်းသာကြောင်း ဖြစ်တယ်။

"ကုသိုလ်ဆိုတာ ဒါန၊ သရဏဂုံ ငါးပါးသီလ၊ မေတ္တာတရား၊ ရုပ်နာမ်ခန္ဓာအရှိမြင်အောင်ကြည့်ပြီးတော့ ဘယ်ဟာမှ မခိုင်မြဲတဲ့သဘောကို ဉာဏ်လေးနဲ့ သတိလေးနဲ့ ကပ်ပြီးတော့ မြင်အောင်ကြည့်တဲ့ အနိစ္စနုပဿနာလေးရယ်၊ အဲဒါတွေနှလုံးသားထဲ ထည့်ထားသလောက် လူဟာ တန်ဖိုးတက်သွားတယ်"---ဆိုတဲ့အကြောင်း၊ ပိုက်ဆံလည်း မတောင်းတဲ့အကြောင်း၊ အချိန်လည်းတူးမပေးရတဲ့ အကြောင်း၊ ဘုန်းကြီးက သေသေချာချာ ဟောပြ၊ ဟောပြတော့ ငပြူးလေး အိပ်ပြန်သွား။

* * *

http://www.dhammadownload.com

# အသိလေး
# နှလုံးသားထဲရောက်သွားတယ်

ခါတိုင်းထက်တော့ အသိလေး နှလုံးသားထဲ ရောက်ပါတယ်၊ ဒါပေမယ့် အိမ်ရောက်တော့ မအေကို ငေါက်မြဲ ငေါက်တုန်းပါ။

နောက်ကျတော့ အဖော်ကောင်းတာနဲ့ ကျောင်းရောက်သွား၊ ဘုန်းကြီးကလည်း "ကျောင်းလာဖော်ရရင် တော်ပြီဟယ်" လို့ အင်မတန် ဝမ်းသာစွာနဲ့၊ နောက်တရားတစ်မျိုး ဟော,ဟော ပေးလိုက်တာ ငပြူးလေးရဲ့နားထဲ တရားတွေ ရောက်မှန်းသိ ရောက်သွားသတဲ့။

http://www.dhammadownload.com



ရောက်မှန်းမသိ ရောက်သွားတဲ့အခါ နှလုံးသားထဲမှာ တရားလေးနဲ့တွဲပြီး သွားတဲ့အခါကျတော့ စဉ်းစားတဲ့စိတ်လေးတွေ ပေါ်လာတယ်။

"ငါနေတာမဟုတ်ဘူးနော်၊ ဟဲ့ ငပြုး(သူ့ဟာသူခေါ်နေတာ)၊ ငါလုပ်တာ တစ်ခုမှ မဟုတ်ဘူးနော်၊ ငါလူစင်စစ်က တိရစ္ဆာန်ဖြစ်နေပြီ၊ မင်းကို ဘယ်သူတွေက ချစ်လို့လည်း၊ မင်းဟာ တစ်ရွာလုံး အန်ဖတ်ဖြစ်နေပြီ၊ မင်းမှာ အပေါင်း အသင်းဆိုလို့ အရက်သမား၊ ဖဲသမား၊ လူမိုက်တွေပဲ ရှိတော့တယ်၊ ခိုကိုးရာ အရိပ်ရယ်လို့ မင်းမှာ လုံးဝမရှိဘူးနော်၊ မင်းအမေကလည်း မင်းကိုချစ်တယ်ဆိုတာ မင်းကောင်းလို့မဟုတ်ဘူး မွေးထားလို့ မတတ်သာလို့ ချစ်နေရတာ"

သူ့ဟာသူ အသိတရားလေးနဲ့ ဆုံးမလာတယ်၊ လောကမှာ လူဆိုတာ ကိုယ့်အသိနဲ့ကိုယ် ပေါ်လာမှ တန်ဖိုးရှိတာမျိုး၊ သူများခိုင်းတာကို မလွှဲသာမရှောင်သာ လုပ်နေရတဲ့အသိက သိပ်တန်ဖိုးရှိတာ မဟုတ်ဖူး။

http://www.dhammadownload.com



အဲဒါနဲ့ သူ့ဟာသူ ဆုံးမလာတယ်၊ သူ့ဟာသူ သတိပေးလာတယ်။

"ငါနေတာ မဟုတ်ဖူးနော်၊ ငါလုပ်တာ မဟုတ်ဖူး၊ ငါ့အဖေ အရွယ်ကောင်းတုန်းမှာ သေသွားရတာ တကယ်ဆိုတော့ ငါမိုက်လို့၊ ကြည့်စမ်း...ငါ့အမေမုဆိုးမကြီး၊ စောစောက ဆိုရင်တော့ တစ်ရွာလုံးရဲ့ မျက်နှာဖုံးပေါ့၊ အခု ဆိုရင် တစ်ရွာလုံးရဲ့အမွဲဆုံး၊ အဆင်းရဲဆုံး ဖြစ်နေပြီဆိုတာ တကယ်တော့ ငါ့ကြောင့်..."

သူ့ဟာသူ လက်ညှိုးငေါက်ငေါက် ထိုးလာတယ်။

"ဟဲ့–ငပြူး၊ မင်း ကောင်းသေးရဲ့လား" (သူ့ကိုယ်သူ ပြောတာ)

ကျောင်းသွားပြီး တရားနာလိုက်တာ တရားနာဖန်များတော့ နှလုံးသာမှာ တရားထိတွေ့ဖန်များတော့ အသိလေးတွေ ပေါ်လာတယ်၊ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ် သူလုပ်မယ်၊ စောစောကတော့ ကုသိုလ်လည်းမရဘူး၊ ဝမ်းလည်း မဝဘူး၊ ပစ္စည်းမရှိတာလည်း မဟုတ်ဘူး၊ မိုက်ခဲ့တယ်၊ ဆိုးခဲ့တယ်၊ ပေခဲ့တယ်။

http://www.dhammadownload.com



အဲဒါနဲ့ အသိလေးတွေဝင်၊ ကိုယ့်ဟာကိုယ် ဆုံးမ၊ အိမ်ရောက်သွားတော့ မအေကို မငေါက်တော့ဘူး။

မအေကတော့ စီးပွားလည်း ရသလောက်ဖြစ်တဲ့နည်းနဲ့ ကြံသလိုရှာ၊ ပြီးတော့လည်း သားစားဖို့ ချက်ပြုတ်ပြင်ဆင်…

ငပြူး အိမ်ရောက်သွားတဲ့အခါ မအေချက်ပြုတ်နေတာမြင်တော့…

"အမေ…မချက်နဲ့လေ၊ သားချက်မှာပေါ့၊ ထမင်းချက်တာလောက်တော့ သားတတ်ပါတယ်"

လေသံက တစ်မျိုးဆိုတော့ မအေနားထဲမှာ နောက်သားတစ်ယောက်များ မွေးလာသလား ထင်ရတယ်၊ မယုံနိုင်အောင် ဖြစ်နေတယ်။

"အမေမချက်နဲ့လေ၊ သားချက်မှာပေါ့၊ သားရှိသားပဲ"

"အမေ ရေမခပ်နဲ့လေ၊ အသက်ကြီးပြီ၊ သားခပ်မှာပေါ့"

အကုန်လုံး အဲသလိုဖြစ်လာတယ်၊ အသိဝင်လာပုံလေးပေါ့၊ အသိလေးက ပြောင်းပြန်ဖြစ်သွားတယ်၊ (အဲဒါ တရားကြောင့်)

F10B

http://www.dhammadownload.com



တရားနားထောင်ဖန်များလို့၊ တရားနာယူဖန် များလို့ နှလုံးသားထဲ တရားအသိလေးတွေ ဝင်လာလို့ ဘဝကို ပြုပြင်ရမယ့် အသိလေးတွေ ပေါ်လာတဲ့အတွက်ကြောင့်ပါ။

"ငါ့ဘဝကို ဒရွတ်တိုက်ဆွဲလို့ မတော်တော့ဘူး၊ အတိတ်က မှားခဲ့တာတွေ မှားပါစေတော့၊ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ ငါသိတဲ့အချိန်ကစပြီး ပြင်မှ တော်ပေတော့မယ်"

အဲဒီအသိလေးဝင်လာပြီး အမေကို ဝိုင်းကူဖို့ စိတ်ထက်သန်လာတယ်။

"အမေ အပင်ပန်းမခံနဲ့တော့၊ သားဟာသာ ချက်ပြုတ်မယ်၊ စီးပွားလည်းရှာမယ်၊ အမေမပူနဲ့တော့"

အဲသလို စသည်ဖြင့် ချိုသာတဲ့စကားလေးတွေ ပြောပြီး သူကိုယ်တိုင် အိမ်အလုပ်တွေ လုပ်လာတဲ့အခါ မိခင်ဖြစ်တဲ့ ဒေါ်ဥမှာ ဝမ်းသာလိုက်ရတာ၊ ဦးပြားကြီးကိုတောင် ပြန်ပြန် သတိရသလို ဖြစ်လာတယ်။

"သြော်...သားတစ်ယောက် နောက်ထပ်မွေးလာသလို ဖြစ်နေပြီ၊ ငါ့သားလေး လိမ်မာပြီ၊

http://www.dhammadownload.com



ငါ့သားလေး ရတနာကနေ ရတနာဖြစ်လာပြီ”
ဆိုပြီး ဝမ်းသာလိုက်ရတာ။

* * *

http://www.dhammadownload.com

## အမှိုက်သရိုက်မှ ရတနာအဖြစ်သို့

အဲဒါနဲ့ ဥစ္စာလဲ ကြိုးကြိုးစားစား ရှာပါတယ်၊ ဘုန်းကြီးကျောင်းကိုလည်း မကြာမကြာ သွားတယ်။

"ဘုန်းကြီးဘုရား...အရင်နေ့က ပြောတဲ့ပုံကလေး ပြန်ပြောပြပါဦးဘုရား၊ နားထောင်လို့ ကောင်းတယ်ဘုရား"

"ဩော်...ပြေျုးလေး တရားဘက် ရောက်လာပြီဟဲ့၊ ရပ်ရွာရဲ့ အမှိုက်သရိုက်ကြီး ဖြစ်နေတာ၊ အခုတော့ ရတနာလေးဖြစ်မှန်းမသိ ဖြစ်လာပြီဟဲ့"

စိတ်ထဲက ဝမ်းသာပြီး ပြေျုးရဲ့ဆန္ဒအတိုင်း ပြောပြောပေးရ၊ ဆုံးမပေးရတယ်။

"ဘုန်းကြီးဘုရား... သူများတွေလည်း တရားထိုင်ကြတယ်ဘုရား၊ တပည့်တော်ကိုလည်း တရားထိုင်နည်း သင်ပေးပါဦးဘုရား"

http://www.dhammadownload.com



အောင်မယ်...တရားထိုင်နည်းတောင် သူ တောင်းလာပြီ၊ အဲသလိုဆိုတော့ ဘုန်းကြီးကလည်း အင်တန်မှ မေတ္တာဂရုဏာတရား ပြည့်ဝစွာနဲ့ ငပြူးလေးကို လိမ်မာအောင်၊ အသိတရားတွေပွား အောင် တရားဟောပြီးတော့မှ တရားထိုင်နည်း တွေပါ သင်ပေးတယ်၊ (တစ်ခါတည်း အမည်ကနေ အဖြူ ချက်ခြင်းပြောင်းသွားတာပဲ)

အဖြူရောင်ပြောင်းသွားတော့ အိမ်မှာ မအေ ကို ပြုစုလုပ်ကျွေးဖို့ တာဝန်သိလာတယ်။

"အမေ...အသာသာနေပါတော့၊ သား တာဝန်ထားပါ၊"

အဲသလိုပြောပြီး မအေကို ပြုစုလာတယ်၊ မအေကလည်း အရွယ်ရောက်လာတဲ့ သားကို မိဘတို့ ဝတ္တရားအရ စိမ်ချင်လာတယ်။

"သားရေ...သားကို နေရာချပေးမှ ဖြစ် မယ်"

"သားကို နေရာမချနဲ့လေ၊ အမေ့ကို သား တစ်သက်လုံး လုပ်ကျွေးမယ်၊ သား နောက်ထပ် သံသရာမှာ အမိုက်ဘဝ အရူးဘဝနဲ့ မသွားပါရ

http://www.dhammadownload.com



စေနဲ့တော့၊ ကိုယ့်ကိုယ်ကိုတောင်မှ စိတ်မချရတဲ့ ဘဝပါလား အမေရယ်၊

အဖေအသက်တိုသွားရတာလည်း သားမိုက်လို့၊ သားဆိုးလို့ပေါ့၊ သားဝဋ်လည်မှာ စိုးရတယ်၊ သားမှာ နောက်တပ် သားတွေ သမီးတွေများ ပေါ်လာရင် ကိုယ့်ကိုပြန်ပြီး ဒုက္ခပေးမယ့် သားတွေ၊ သမီးတွေ ပေါ်လာရင်တော သားဒုက္ခဖြစ်ရမယ်။

ဒါကြောင့် တစ်သက်လုံး အမေ့ကိုပဲ ပြုစုလုပ်ကျွေးပါရစေ၊ အမေမရှိတဲ့နောက်ပိုင်း သားရဟန်းပြုတော့မယ်၊ သာသနာ့ဘောင်ဝင်ပြီးတော့ တရားကိုပဲ အားထုတ်တော့မယ်"

မယုံနိုင်လောက်အောင်ဖြစ်လာတယ်၊ ခါတိုင်းက ဆဲသံ ဆိုသံ ကြိမ်းသံ မောင်းသံ ဟိန်းသံ ဟောက်သံ၊ ရိုက်သံ နှက်သံတွေနဲ့ ဆူနေတဲ့အိမ်၊

အခုတော့ မနက်အိပ်ရာထလာပြီဆိုရင် ဘုရား ရှိခိုးတဲ့ အသံတွေ၊ သရဏဂုံဆောက်တည်တဲ့အသံတွေ၊ ငါးပါးသီလဆောက်တည်တဲ့ အသံတွေ၊ မိခင်ကြီးကအစ နတ်မြတ် နတ်ကောင်း၊ နတ်အပေါင်းတွေ အပါအဝင် ရပ်ထဲရွာထဲမှာရှိတဲ့ အုပ်ချုပ်ရေးတာဝန်ခံ ပုဂ္ဂိုလ်တွေပါမကျန် အိမ်နီး

http://www.dhammadownload.com



နားချင်းပါမကျန် တစ်ရွာလုံး ချမ်းသာကြပါစေလို့ မေတ္တာပို့နေတဲ့အသံတွေ၊ အမျှပေးနေတဲ့အသံတွေ၊ အေးမြစွာနဲ့ ကြေးစည်လေး တနောင်နောင်နဲ့ နေ့တိုင်းကြားနေရပြီ။

ညအိပ်ရာဝင်ရင်လည်း ထို့အတူပေါ့၊ ဘုရားရှိခိုးတဲ့အသံတွေ၊ မေတ္တာပို့သဲ့အသံတွေ၊ သရဏဂုံသီလ ဆောက်တည်တဲ့အသံတွေ၊ အမျှဝေတဲ့အသံတွေနဲ့ အဲသလိုပဲ ကြားနေရပြီ။

* * *

http://www.dhammadownload.com

# မိုက်ကြေးဆပ်မယ်

ခါဟိုင်းက ရိုက်သံ နှက်သံ တညံညံနဲ့ ဘယ်နှယ်၊ သားက အမေကို ရိုက်တယ်ဆိုတာ လွန်လွန်းတာပေါ့၊ အခုတော့ဖြင့် မအေကို သူ့က မိုက်ကြေး အကုန်ဆပ်မယ်တဲ့။

အမေကို အိမ်ဦးခန်းထား၊ ရှိရှိသေသေ ကန်တော့ပြီးမှ အမေ့တစ်သက်မှာ သားက အမေ့ ကို လုပ်ကျွေးမယ်ဆိုပြီးတော့ သရဏဂုံမြဲတယ်၊ ငါးပါးသီလမြဲတယ်၊ မေတ္တာမြဲတယ်၊ ဝိပဿနာ အသိလေးတွေတောင် ဝင်လာတယ်။

အဲသလိုဆိုတော့ တစ်ရွာလုံးကလည်း အံ့သြ ကုန်ကြတယ်။

http://www.dhammadownload.com



"ဟယ်...ပြေ့ ဘယ်လိုများ ဖြစ်သွားတာလဲ၊ ဒီပြင် လူကြီးလူကောင်းဆိုတဲ့ ပုဂ္ဂိုလ်တွေ ထက်တောင် မင်းက ရှေ့ရောက်နေပါပြီကော"လို့ ချီးမွမ်းအံ့သြကြရတယ်။

သူက မေတ္တာအားကြီးတော့ ရပ်ထဲရွာထဲမှာ ရပ်သူရွာသားတွေ ချမ်းသာရာ ချမ်းသာကြောင်း အလုပ်တွေလုပ်တယ်။

တံတားလေးလိုအပ်တယ်ဆိုရင်လည်း သူကိုယ်တိုင်ပဲ သစ်သား စသည်တို့ကို ရှာဖွေပြီး ခင်း၊ ဒီနေရာမှာ ရေအိုးစင်လေးလိုရဲ့ဆိုရင် သူ့ဖာသာ ရေအိုးစင်ပြုလုပ်ဖန်တီး၊ ဒီနေရာလေးမှာ ဗွက်တွေ ရှိတယ်ဆိုရင်လည်း သဲတွေ ဖုံတွေ ရှာကြံပြီး ဖို့ပေး၊ သူက ဒီလိုတွေလုပ်လာတယ်။

ရပ်ရွာကောင်းရာ ကောင်းကြောင်း ဆောင်ရွက် သင့်တာတွေကို မေတ္တာကောင်းနဲ့ အကုန်လုံး ဆောင်ရွက်တော့ အရင်တုန်းက တစ်ရွာလုံးရဲ့ အန်ဖတ်ဖြစ်တဲ့ ပြေ့လေးဟာ ရွာက မော်ကြည့်လာရတဲ့ ရတနာကောင်းလေး ဖြစ်လို့လာတယ်။

"မောင်ပြေ့လေး ချမ်းသာပါစေကွယ်၊ ရွာအတွက် မေတ္တာနဲ့ ချမ်းသာအောင် ဆောင်ရွက်

http://www.dhammadownload.com



ပေးတဲ့ ပြေုးလေး ချမ်းသာပါစေလို့”...အားလုံး က မေတ္တာထားလာကြတယ်၊ အရင်တုန်းကတော့ ဟိုလူကရိုက်၊ ဒီလူကရိုက်၊ တစ်ကိုယ်လုံးအမာရွတ်တွေနဲ့ နေခဲ့တဲ့ပြေုး၊ အခုတော့ တစ်ရွာလုံးက မေတ္တာလွှမ်းခြုံလို့ လာကြတယ်။

ရွာဦးကျောင်းမှာ သွားကြည့်လိုက်ပြန်တော့လဲ သူက ပိုက်ဆံရသလောက်ရှာ၊ စောစောက ပြောခဲ့တဲ့ ခွဲတမ်း(၅)မျိုးနဲ့ သွားပြီလေ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ လမ်းစဉ်နဲ့ သွားနေပြီ။

ကျေးဇူးဆပ်စရာ မိခင်ကြီးတစ်ယောက်ပဲ ရှိတော့ မိခင်ကြီးကိုပဲ ကျိုးကျိုးနွံနွံနဲ့ ပြုစုပြီး ကုသိုလ်ရအောင်ယူတာ။

ဘုန်းကြီးကျောင်းက အုတ်တံတိုင်းမှာ အလှူရှင်တွေနာမည်တွေ သွားကြည့်ရင် **‘ဦးဖြားကို ရည်စူး၍ ဒေါ်ဦး၊ သား မောင်ပြေုး ကောင်းမှု’**

အောင်မယ်၊ ကောင်းမှုရှင်တွေ သွားဖတ်တော့ သူတို့မိသားစုနာမည်ချည်းပဲ ဖြစ်နေတယ်။

“သြော်... ဘုန်းကြီးကျောင်းကလည်း ဟောင်းလာပြီ၊ ဘယ်သူမှ မပြင်တော့လည်းငါပြင်ရမှာပေါ့လေ၊ လှူလို့မွဲတာမှမဟုတ်ပဲ၊ လှူလို့မွဲသူ

http://www.dhammadownload.com



ရှိမှ မရှိဘဲ၊ လှူတယ်ဆိုတာ ယူတာပဲ၊ ငါ ကုသိုလ်ရသလောက် ယူမယ်"

ဘုန်းကြီးကျောင်းမှာ ပြင်သင့်တာတွေ အကုန်ပြင်၊ အမိုးတွေပေါက်နေရင် ဖာထေး၊ အကာတွေလိုအပ်တာပြုပြင်၊ ကောင်းမှုရှင်နာမည် တပ်ထားတာတွေ လျှောက်ကြည့်လိုက်တော့ **"ဦးပြားကိုရည်စူး၍ ဒေါ်ဦး၊ သား မောင်ပြုး ကောင်းမှု"**

ရွာဦးကဘုရား၊ ခါတိုင်းဆိုရင်တော့ ချုံနွယ်တွေ အမှိုက်တွေနဲ့ ရှုပ်နေဘာပေါ့၊ အရောင်အဆင်း ညစ်ပြီး မည်းလို့နေတဲ့ ဘုရားဟာ မောင်ပြုးလေး တရားအသိပေါ်လာတဲ့ အချိန်ကစပြီး (ရတဲ့အချိန်လုပြီး) ဘုရားနားက ပေါင်းမြက်တွေရှင်း၊ အမှိုက်သရိုက်တွေရှင်း၊ ထုံးသင်္ကန်းတွေ ကပ်နဲ့ဆိုတော့ ကြည်ညိုဘွယ်ရာ ဖြစ်လာတယ်။

တစ်ခါတစ်ရံ မောင်ပြုးက မြစ်ထဲသွား ရေခပ်၊ ရေတွင်းမှာ ရေခပ်၊ မရောင်းခင် ရှေးဦးစွာ ခပ်လာခဲ့တဲ့ရေကို ဘုရားကိုသွားပြီး လှူလိုက်တယ်။

နောက်တစ်ခါခပ်တော့ ရွာဦးဘုန်းကြီး ကျောင်းကို တစ်ထမ်းသွားပို့တယ်၊ နောက်တစ်

http://www.dhammadownload.com



ထမ်းက ရွာဦးထိပ်မှာ တည်ထားခဲ့တဲ့ ရေအိုးစင်လေးကိုသွား ရွာသူရွာသားနဲ့ ခရီးသွားတွေအားလုံးသောက်ကြပါစေလို့ တည်ထားတဲ့ရေအိုးထဲ သွားထည့်တယ်၊ စတုတ္ထရေထမ်းကျမှ ရွာထဲကိုလျှောက်ရောင်းသတဲ့။

* * *

## မေတ္တာ,စေတနာအကျိုးပေးလို့

အဲသလိုဆိုတော့ သူ့မေတ္တာနဲ့ စေတနာက အကျိုးပေးတာပေါ့၊ အငှားအလုပ်တွေ လုပ်တော့လည်း "ရော့ကွယ် မောင်းပြူး၊ ဒါလေးပါ ယူသွားဦး"လို့ မေတ္တာရှိသူတွေက သိပ်ပေါလာတယ်။

စီးပွားပစ္စည်းက တစ်ဟုန်ထိုး တိုးတက်၊ ပစ္စည်း ရှာလို့ဖွေလို့ အလွန်လွယ်၊ ပစ္စည်းပေါပေမဲ့ မျက်ခြည်မပြတ်တော့ဘူးလေ။

သူက အရွှးအမူးဘ၀ ရောက်ခဲ့ပြီးပြီဆိုတော့ တစ်ခါတည်း ကုသိုလ်လည်းရ ဝမ်းလည်းဝ လမ်းစဉ်နဲ့ သွားလိုက်တာ၊ သာသနာအတွက်လည်း

http://www.dhammadownload.com



ကျေးဇူးများ၊ ရပ်ရွာအတွက်လည်း ကျေးဇူးများ အောင် ဆောင်ရွက်သတဲ့။

ရွာဦးထိပ်က ဘုရားလဲ မမေ့ဘူး၊ နေ့စဉ် မနက်ပိုင်းဆွမ်းလှူလို့၊ ညနေပိုင်းရေလှူလို့၊ ရွာဦး ကျောင်းလဲ နေ့စဉ်,နေ့စဉ် မနက်ပိုင်း ဆွမ်းတွေပို့ လောင်းလှူ၊ ညနေပိုင်းရေလှူ၊ ရပ်ထဲရွာထဲက လိုအပ် ရာရာ ကိစ္စဝိစ္စတွေ့သမျှ သူက မေတ္တာနဲ့ ဆောင် ရွက်တော့ ရွာထဲ ဘယ်နားသွားသွား တစ်ရွာလုံးက လေး[illegible]ကြတယ်။

[illegible]လေးလေးတွေကအစ အားကိုးပြုလာပြီ၊ ကို[illegible]ပြုံး[illegible]ဗျာ၊ ကိုပြုံး, ကိုပြုံးနဲ့ ဖြစ်လာတယ်၊ အဘိုး[illegible]သွားတွေကလည်း မောင်ပြုံးလေးကို မြင်လာ[illegible]ယ်။

[illegible]ဟဲ့-မောင်ပြုံးလေးပါလားကွဲ့၊ မောင်ပြုံး လေး [illegible]ပြီ" စသည်ဖြင့် မေတ္တာစကားလေးတွေနဲ့ ဖြစ်[illegible]တယ်၊ ပေးချင် ကမ်းချင်တယ်။

ပေးချင် ကမ်းချင်သူတွေ၊ ချီးမြှောက်ချင် သူ[illegible]၊ အားပေးချင်သူတွေ အင်မတန်ပေါလာ [illegible]။

* * *

http://www.dhammadownload.com

# ပစ္စည်းသည် လောဘနှင့် ဆုပ်ကိုင်ထားဖို့မဟုတ်

ပစ္စည်းရှာဖွေလို့ လွယ်ကူလာတော့ မိခင်ကြီးကို အနေအထိုင် အစားအသောက်မှအစ ချမ်းသာအောင် စိတ်ကြိုက်ပြုစုပြီးတော့ နေလိုက်တာ၊ နေ့စဉ်,နေ့စဉ် ကုသိုလ်တရားတွေပွားအောင် ယူလိုက်တာ သူရှာသမျှ ပစ္စည်းဟာ လောဘနဲ့ ဆုပ်ထားဖို့ မဟုတ်ပါဘူး၊ သူ့ခန္ဓာကိုယ်ကြီးက အမြဲတမ်း ဆုပ်ကိုင်ထားဖို့ မဟုတ်ပါဘူး။

အမေရှိတုန်း အမေ့ကို တစ်သက်လုံး ပြုစုမယ်၊ သာသနာ တိုးတက်ကြီးပွားအောင် အားပေးမယ်၊ ချီးမြှောက်မယ်၊ ရပ်သူရွာသားတွေအားလုံ

http://www.dhammadownload.com



ချမ်းသာအောင် တတ်နိုင်တဲ့ဘက်က ကူညီမယ်လို့ ပစ္စည်းကို ခွဲတမ်း(၅)မျိုးနဲ့ သူက သေသေချာချာ ရှာပြီးတော့ ဆောင်ရွက်တဲ့အခါ အကျိုးပေးလိုက်တာ၊ ပစ္စုပ္ပန်ကို အကျိုးပေးလို့၊ တစ်ရွာလုံးရဲ့ မျက်နှာဖုံး ပြန်ဖြစ်တယ်။

သူ့အဖေ အမေ လက်ထက်တုန်းက မျက်နှာဖုံး ဖြစ်ခဲ့ပေမယ့် သူဖြုန်းတာကြောင့် ကုန်းကောက်စရာမရှိအောင် ဗလာသုံည ဖြစ်ခဲ့ရတယ်၊ အခုတော့ သူ့မှာ စိတ်ကောင်းလေးနဲ့ ပြန်တည်ထောင်လိုက်တာ ရွာရဲ့မျက်နှာဖုံး ဖြစ်သွားတယ်။

သူ့အမေကို စိတ်ချမ်းသာအောင် ပြုစုလာလိုက်တာ အမေက အရွယ်ကြီး အိုမင်းရင့်ယော်လာပြီး ကွယ်လွန်သွားရှာတယ်။

အမေကွယ်လွန်သွားတော့ မောင်ပြုူးက သူ့ရှိမျှ ပစ္စည်းအားလုံး သာသနာအတွက်၊ ရပ်ရွာအတွက် အကုန်စွန့်ပြီးတော့...

"ကဲ-နောက်ထပ်သံသရာမှာ အရှုးဘဝ၊ အမူးဘဝ၊ ကိုယ်ကိုယ်ကိုတောင်မှ မထိမ်းနိုင်တဲ့ ဘဝမျိုးနဲ့ ငါ နောက်ထပ် မသွားပါရစေနဲ့တော့"

http://www.dhammadownload.com



ဆိုပြီး သာသနာ့ဘောင်ဝင်၊ ရဟန်းပြု၊ ကိုယ်ဘိုင် လည်းတရားအလုပ် ကြိုးကြိုးစားစားအားထုတ်၊ ရပ်သူရွာသားတွေကိုလည်း မေတ္တာနဲ့ တရားဟော။

ရဟန်းဘွဲ့ပေးတာတောင်မှ ဘွဲ့က မတွင်၊

"ဦးဇင်းလေးမောင်ပြုံး၊ တရားဟော အလွန် ကောင်းသတဲ့"

"ဦးဇင်းလေးမောင်ပြုံး တရားအားထုတ် သတဲ့၊ တရားကျင့်ကြံ ကြိုးကုတ် အားထုတ်မှု ကောင်းသတဲ့"နဲ့ ဝိုင်းလိုက်တဲ့ ပရိသတ်ကလဲ မပြောပါနဲ့တော့။

တရားဟောကလဲကောင်း၊ တရားကျင့်ကြံ အားထုတ်မှုကလဲ အလွန်ကောင်း၊ အနေအထိုင် ကလဲကောင်း၊ ဘွဲ့နာမည်ပေးတာတောင် ဘွဲ့ နာမည်မတွင်

- ဦးပဥ္စင်းမောင်ပြုံး အနေအထိုင် ကောင်းတယ်၊
- ဦးပဥ္စင်းလေးမောင်ပြုံး တရားဟောကောင်း တယ်၊
- ဦးပဥ္စင်းလေးမောင်ပြုံး တရားပြကောင်းတယ်၊

11A

http://www.dhammadownload.com



– ဦးပဥ္စင်းမောင်ပြုံး မေတ္တာတရား အားကြီးတယ် နဲ့ ဝိုင်းပြီးတော့ သူ့အရိပ် ခိုလှုံလိုက်ကြပါတယ်။

* * *

http://www.dhammadownload.com

## ကြီးလေ . . . အရိပ်ကောင်းလေ

လူ့ဝတ်ကြောင်ဘဝတုန်းကလည်း ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ လမ်းစဉ်နဲ့ ရှင်းရှင်းလေးသွားတယ်၊ သာသနာတွင်း ရောက်ပြန်တော့လည်း ဒီအတိုင်းပဲပေါ့၊ လက်လှမ်းမီသမျှ ကုသိုလ်လည်းရ ဝမ်းလည်းဝလမ်းစဉ်နဲ့ နေတတ်ထိုင်တတ်ဖို့ဆိုပြီးတော့ အမျိုးမျိုး ဆုံးမလမ်းညွှန်ပြီး သွားလိုက်တာ။

တကယ့်ကို အားကိုးစရာ အလွန်အရိပ်ကောင်းတဲ့ ဦးပဥ္စင်းမောင်ပြူး၊ ဘုန်းကြီးမောင်ပြူး၊ ဆရာတော်ကြီးဦးပြူးနဲ့ တစ်စ,တစ်စ အသက်အရွယ် ကြီးသွားလိုက်တာ ကြီးလေ၊ အရိပ်ကောင်းလေ၊ ကြီးလေ၊ အရိပ်ကောင်းလေ။

http://www.dhammadownload.com



တစ်ခါတစ်ရံ သူ့အဖြစ်အပျက် ဘဝ(ဇာတ်ထုပ်)ကို သူပြန်ပြန်ပြီး သူများတွေအတွက် နမူနာယူစရာ ဇာတ်ကွက်တစ်ခုလို သဘောထားပြီး ဟောပြသတဲ့၊ အဲဒါ သူများမဟုတ်ဖူး၊ ငါပဲ ငါပဲလို့ ဝန်ခံတယ်။

"ဒါကြောင့် မင်းတို့လည်း၊ ကြိုးစားကြပါ၊ အားထုတ်ကြပါ၊ မင်းတို့အကျိုးအကန်း မဟုတ်ဘူး၊ အရှုံးမဟုတ်ဘူး" စသည်ဖြင့် ဟောသတဲ့။

"ဆင်းရဲတယ်ဆိုတာ ဆင်းရဲတဲ့အတိုင်း မနေရဘူးကွ၊ တက်လို့ရတဲ့နေရာက တက်ရတယ်" ဆိုပြီးတော့ အားတက်စရာစကားတွေ ပြောပြီးတော့ ဆုံးမသွားလိုက်တာ ကိုယ့်အတွက်လည်း နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို ကောင်းကောင်းရောက်၊ သူ့ကို မှီခိုခွင့်ရကြတဲ့ ဒကာ, ဒကာမ အပေါင်းသူတော်ကောင်းတွေ၊ ရပ်သူရွာသားတွေ၊ ပတ်ဝန်းကျင်ပုဂ္ဂိုလ် လက်ဦးသူတွေ အများကြီး ပွားကြရတယ်။

အလှူလည်းခါတိုင်းထက် လုပ်တတ်ကြတယ်ပေါ့၊ အကျင့်တရားလည်း ခါတိုင်းထက်ကျင့်

http://www.dhammadownload.com



တတ်၊ ကြံတတ်၊ အားထုတ်တတ်ကြတယ်ပေါ့၊ ပစ္စုပ္ပန်မှာ စိတ်ချမ်းသာအောင် နေနည်းလေးတွေက အစအဆုံးရကြပြီး ကုသိုလ်လည်းရ ဝမ်းလည်းဝ လမ်းစဉ်နဲ့ လူဖြစ်ရကျိုးနပ်ရအောင် နေ ဘာက် ထိုင်တတ်ကြပါသတဲ့။

ဒါကြောင့် ဒကာ, ဒကာမအပေါင်း သူ တော်ကောင်းတွေ ဆွမ်းခဲဘွယ်ဘောဇဉ်များ ဝါတွင်းသုံးလပတ်လုံး လှူဒါန်းပြီးတော့ ကုသိုလ်ပြု ကြတာ အဲဒီသဘောအတိုင်းပေါ့၊ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့ အသိဉာဏ်နဲ့ ပြုလုပ်အားတ ၚ် ကြတာ။

* * *

# ဆွမ်းလှူရခြင်းအကျိုး

ဆွမ်းလှူရင် ဆွမ်းအကျိုး(၅)မျိုးဆိုတာ ဲ ကြားဖူးကြမှာပါ၊ ဆွမ်းလှူရခြင်း ည်

(၁) အသက်ကိုလှူရာရောက်တယ်၊ လှူ ဲ့ ပုဂ္ဂိုလ်မှာ အသက်ရှည်တယ်၊ မိမိဝို့က တ ား

http://www.dhammadownload.com



အသက်ပါ ရပါရစေပေါ့၊ ရှည်တဲ့အသက်ဟာ ဗလာအသက်တော့ မလိုချင်၊ တရားအသက်ပါ ရှည်ပါရစေပေါ့၊

(၂) အဆင်းကျက်သရေကို လှူရာရောက်တယ်၊ လှူတဲ့ပုဂ္ဂိုလ်မှာ အဆင်းလှတယ်၊ မိမိတို့က ရုပ်ရည်လှရုံမျှသာမက စိတ်ပါလှပါရစေ၊ တရားပါ လှပါရစေလို့ ဉာဏ်နဲ့ဦးဆောင်ရမယ်ပေါ့၊

(၃) ဆွမ်းခဲဘွယ်ဘောဇဉ်ကို လှူလို့ရှိရင် ချမ်းသာကို လှူရာရောက်တယ်၊ လှူတဲ့ပုဂ္ဂိုလ်မှာလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်၊ မိမိတို့က တရားအသိပါတွဲပြီးတော့ လောကုတ္တရာချမ်းသာ တရားချမ်းသာပါရဖို့ နိဗ္ဗာန်မရောက်မချင်း အသိတရားနဲ့ ခန္ဓာကို ပိုင်နိုင်စွာထိန်းပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းသွားနိုင်ဖို့ ဉာဏ်နဲ့ ဦးဆောင်ရမယ်ပေါ့။

နိဗ္ဗာန်ရောက်ရင် ချမ်းသာမှာ သေချာသော်လည်း နိဗ္ဗာန်မရောက်ခင်ချမ်းသာအောင် နေသွားတတ်ဖို့ ပိုလို့အရေးကြီးနေတယ်၊ နောက်ဘဝချမ်းသာဖို့ ဆိုတာထက် ယခုဘဝမှာ တွေ့သမျှ အခြေအနေနဲ့ ချမ်းသာအောင် နေသွားတတ်ဖို့ တရားအသိကလိုတယ်။

http://www.dhammadownload.com



မနက်ဖြန် ချမ်းသာဖို့ဆိုတာထက် ယနေ့ ပစ္စုပ္ပန်မှာ (ယနေ့မှာပဲ) တွေ့သမျှအခြေအနေနဲ့၊ ပေးလာသမျှ အခြေအနေနဲ့ ချမ်းသာအောင် နေတတ်ဖို့က အရေးကြီးတယ်၊ တရားအသိလေးပါ ဦးဆောင်ရမယ်ပေါ့၊ ဒါကြောင့် လောကုတ္တရာ ချမ်းသာ တရားချမ်းသာက ပညာနဲ့ ဦးဆောင်ရမယ်၊

(၄) စားဖွယ်ဘောဇဉ်ကို လှူဒါန်းရင် ခွန်အားကို လှူရာရောက်တယ်။ ကျန်းမာရေးကို လှူရာရောက်တယ်၊ လှူဒါန်းတဲ့ ပုဂ္ဂိုလ်မှာလည်း ခွန်အားကောင်းတယ်၊ ကျန်းမာရေး ကောင်းတယ်၊ မိမိတို့က တရားခွန်အားအထိ လောကုတ္တရာ ခွန်အားအထိ ရပါစေရလို့ ဉာဏ်နဲ့ ဦးဆောင် ရမယ်။

(၅) ဆွမ်းခဲဖွယ် ဘောဇဉ်လှူဒါန်းရင် ဉာဏ် ကို လှူရာရောက်တယ်၊ လှူ န်းတဲ့ပုဂ္ဂိုလ်မှာလည်း ဉာဏ်ကောင်းတယ်၊ မိမိတို့က တစ်ဖက်မြင်ပညာမျှ သာမက နှစ်ဖက်မြင်ပညာ၊ တရားပိုင်းဆိုင်ရာ အသိပညာတွေ ရပါရစေလို့ ဉာဏ်နဲ့ဦးဆောင် ရမယ်ပေါ့။

http://www.dhammadownload.com



- စားဖွယ်ပေးမှု၊ အသက်လှူ၊
  လှူသူမှာကလဲ သက်ရှည်ရ၊
- အသက်ရှည်ကြာ၊ နေရပါလည်း။
  မနိုင်မြဲ၊ မလွဲပျက်စီးရ
- တရားအသက်၊ တွဲ၍ဖက်၊
  ရင့်ကျက်ရှည်လိုလှ၊
- စားဖွယ်ပေးမှု၊ အဆင်းလှူ၊
  လှူသူမှာလည်း အဆင်းလှ၊
- ရုပ်လှသော်လည်း မနိုင်မြဲ၊
  မလွဲပျက်စီးရ
- တရားကျက်သရေ၊ ပြည့်စုံပေ၊
  မသွေရလိုလှ၊
- စားဖွယ်ပေးမှု၊ ချမ်းသာလှူ၊
  လှူသူမှာလည်း ချမ်းသာရ။
- လောကီချမ်းသာ၊ မမြဲပါ၊
  မုန်စွာပျက်စီးရ၊
- တရားချမ်းသာ စဉ်မကွာ၊
  ကောင်းစွာအေးလိုလှ
- စားဖွယ်ပေးမှု၊ ခွန်အားလှူ၊
  လှူသူမှာလည်း ခွန်အားရ၊

http://www.dhammadownload.com



- **အားကောင်းသော်လည်း၊ မနိုင်မြီ၊ မလွဲပျက်စီးရ၊**
- **တရားစွန်အား၊ ပြည့်လိုကြား၊ စွမ်းအားလွန်တက်ကြွ၊**
- **စားဖွယ်ပေးမှု၊ ဉာဏ်ကိုလှူ၊ လှူသူမှာလည်း ဉာဏ်ကြီးရ**
- **ဉာဏ်ကြီးသော်လည်း မနိုင်မြီ၊ မလွဲပျက်စီးရ**
- **တရားအမှန်၊ သိတဲ့ဉာဏ်၊ ကေန်ရလိုလှ၊**
- **စားဖွယ်အကျိုး၊ ဤ (၅)မျိုး၊ တန်ခိုးတက်လာရ။**

* * *

## ပထမတန်းစားဒါန ဖြစ်ရလေအောင်

အဲသလို အလှူဒါနလုပ်တဲ့ အခါမှာလဲ (၁) နိဗ္ဗာန်ကို ရည်မှန်းချက်ထားပြီးလှူပါ၊ သာသနာတွင်းဒါနဟာ အဆင့်မြင့်အောင် လှူမှပေါ့။

http://www.dhammadownload.com



(၂) ဉာဏ်ဦးဆောင်ပါ၊

ရှိလို့လှူတာလား၊ သိလို့လှူတာလား၊ ရှိလို့လှူတာမဟုတ်၊ သိလို့လှူတာ၊ ရှိလို့သာ လှူရမယ်ဆိုရင် ခုနပြောခဲ့တဲ့ တောဒေယျပုဏ္ဏားသူဌေးကြီးလှူရုံပဲပေါ့၊ ပဗ္ဗတ္တာတ်မှာလာတဲ့ သူဌေးကတော်လေးမကြွယ် လှူရုံပဲပေါ့၊

ရှိတိုင်းမလှူဘူး၊ အသိရှိမှလှူတာ၊ ဒါကြောင့်ယခုလို အလှူဒါနလုပ်တဲ့အခါ အသိတရားကိုဦးစားပေးပါ။

ဒီလိုလုပ်ရင် ဒါမျိုးဖြစ်မယ်၊ ဒီလိုဖြစ်စေချင်ရင် ဒီလိုလုပ်ရမယ်လို့ အသိတရားရှေ့ထားပြီးလှူတာဖြစ်ရမယ်၊ ရည်ရွယ်ချက်ထားပြန်တော့လည်း ရှိဖို့နဲ့ သိဖို့ နှစ်မျိုးမှာ သိဖို့ကို ပဓာနထားပါ။

ဘာဖြစ်လို့လည်းဆိုတော့ ရှိတိုင်း ချမ်းသာတာ မဟုတ်ဘူး၊ အသိတရားရှိမှ ချမ်းသာတာ။

အသိတရားရှိမှချမ်းသာတာဖြစ်သောကြောင့်နိဗ္ဗာန်မရောက်မချင်း ခန္ဓာကို အသိတရားနဲ့ထမ်းပြီး၊ သယ်ဆောင်ပြီးတော့မှ ချမ်းသာစွာ နေသွားတတ်ပါရစေ။

http://www.dhammadownload.com



ကံအရှိ၊ ခန္ဓာအရှိ၊ ရုပ်နာမ်အရှိ၊ သံသရာအရှိ နောက်ဆုံး သစ္စာအရှိ၊ သိရပါစေလို့ ဉာဏ်နဲ့ ဦးဆောင်ရမယ်ပေါ့။

(၃) ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီးလှူပါ၊

လှူတယ်ဆိုတာ ယူတာလို့ အမြင်ရှင်းရှင်းနဲ့ လှူပါ၊ နည်းတာများတာ ပဓာနမဟုတ်၊ လှူလိုက်တယ်ဆိုတာ ပြုတ်ပြတ်သားသား၊ ပျော်ပျော်ရွှင်ရွှင်ပဲ ဖြစ်ရမယ်၊

ကုသိုလ်ဆိုသည်မှာ မိဘမပေးနိုင်တာတောင် သူကပေးမယ်၊ ပိုက်ဆံပေးဝယ်မရတာ သူအကုန်ပေးမယ်၊ မိဘမရှင်းနိုင်တဲ့ အခက်အခဲမျိုးစုံ သူအကုန်ရှင်းမယ်၊ ပိုက်ဆံပေးပြီး ဖြေရှင်းလို့မရနိုင်တဲ့ အခက်အခဲမျိုးစုံ သူရှင်းမယ်။

ဒါကြောင့် ကုသိုလ်ရတာလောက် ဝမ်းသာစရာ ကောင်းတာ ဘာရှိသေးလို့လဲ၊ ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီးလှူပါ။

(၄) တက်တက်ကြွကြွ၊ ထက်ထက်သန်သန် အောင်ပွဲတစ်ခုကို ရလိုက်သလိုလှူပါ၊

(၅) သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ(၃)ပါး ...မ်းကြောင်းရှင်းပြီးကာမှ လှူပါ၊

http://www.dhammadownload.com



(၆) အပူကင်းတဲ့စိတ်နဲ့၊ ရှေ့နဲ့နောက်နဲ့ သတိနဲ့အသိချင်းစပ်ပြီးမှလှူပါ၊အဲဒါပထမတန်းစား ဒါနပဲ၊ ကိုယ့်အတွက်လည်းအားကိုးစရာ၊သာသနာ အတွက်လည်း အားကိုးစရာ ဖြစ်သွားပြီပေါ့။

ဒါကြောင့် ပညာဖိဝိ ဖိဝိတဲ့–ဟိုတွေးသည် တွေး၊ ကင်းစင်ဝေး၍၊ အတွေးမှန်ဟန်၊ အသိဉာဏ် ဆိုတဲ့ ပညာတရားဖြင့် အသက်မွေးခြင်းရှိသော ပုဂ္ဂိုလ်၏ အသက်မွေးခြင်းမျိုးကို၊ သေဋ္ဌ–ကုသိုလ် လည်းရ၊ ဝမ်းလည်းဝ၍၊ မုချမြင့်မြတ် ချီးမွမ်းအပ် ပေ၏ဟူ၍၊ အာဟု–ပညာရှိသူတော်ကောင်းတို့၊ ငြိမ့်သြောင်းသံချို၊မိန့်ဆိုတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုတဲ့ တရားနာကြားကြရတဲ့ ဓမ္မသဝနာမင်္ဂလာ နှင့်တကွ ကောင်းမှုစွမ်းအားမြတ်တရားတွေကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့နှင့် ဆွမ်းဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းအား လုံး၊ ဤရပ်ကွက်အတွင်း၊ ဤမြို့နယ်အတွင်း နေထိုင်ကြသော သူတော်စင် အားလုံးတို့သည်

http://www.dhammadownload.com



ဘေးရန်အန္တရာယ်၊ အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေးအပူခပ်သိမ်း၊ ထိတ်လန့်တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း၊ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အကြံအစည်ကောင်းမှန်သမျှတို့ ပြီးစီးထမြောက် အောင်မြင်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်နှင့် အားကိုးစရာ သူတော်ကောင်းတရားများကို အမှိုက်ပုံထဲက ရွှေထုပ်တွေရအောင် ကောက်ယူနေဘိသကဲ့သို့ စားဝတ်နေရေးဆိုသော အမှိုက်ပုံထဲက ဒါနရွှေထုပ်၊ သီလရွှေထုပ်၊ သမာဓိရွှေထုပ်၊ ဝိပဿနာရွှေထုပ်တွေကို လိမ်မာပါးနပ်စွာ (အားအောင်စောင့်၍ မနေပဲ)ရသည့်အခြေအနေထဲက ဖြစ်သည့်နည်းဖြင့် ထုတ်ယူနိုင်လွယ်ကြပါစေကုန်သတည်း။

ရအောင်ထုတ်ယူနိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသောအကျင့်၊ လျှင်မြန်သော

http://www.dhammadownload.com



အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက်၊ မျက်မှောက်ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန် သတည်း။

*  *  *

http://www.dhammadownload.com

သာသနာတော်မှာ အထင်ရှားဆုံးဖြစ်ပြီး
ဘုရားရှင် အဆက်ဆက်၏ လမ်းညွှန်
ဩဝါဒဖြစ်သော...

# ဗုဒ္ဓလမ်းညွှန် အကျယ်ဖွင့်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

စာမူခွင့်ပြုချက် - ၂၂ / ၂၀၀၂ (၁)
ရွှေစန္ဒာထွန်းစာပေမှ ထွက်ရှိလာပါမည်။

http://www.dhammadownload.com

# ရွှေစန္ဒာထွန်းစာပေတိုက်မှ ဆက်လက်ထွက်ရှိလာမည့် (ယော)ဆရာတော်၏တရားဒေသနာများ

(၁) ဗုဒ္ဓလမ်းညွှန် အကျင့်မှန်
(၂) ပစ္စည်းတန်ဖိုး လူ့တန်ခိုး
(၃) ဩဝါဒပဒေသာ (၂)
(၄) ဘဝပင်လယ်ခရီးသည်
(၅) နှလုံးသားဝယ်ဘုရားတည်

မှာကြားနိုင်ပါသည်

ရွှေစန္ဒာထွန်းစာပေ

အမှတ် ၉၆(မြေညီ) ၃၈လမ်း

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၈၀

http://www.dhammadownload.com

http://www.dhammadownload.com